# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၃၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စည်ရှည်တံတား ကမ္ဗည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# မန္တလေးနန်းမြို့ရိုးအနောက်ဘက် စည်ရှည်တံခါးအနီး ရှေးမူမပျက်အသစ်ပြန်လည် တည်ဆောက်ပြီးစီးခဲ့သည့် စည်ရှည်တံတားဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၈

မန္တလေးတိုင်းဒေသကြီး မန္တလေးနန်းမြို့ရိုးအနောက်ဘက် စည်ရှည်တံခါးအနီး၌ ရှေးမူမပျက် အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် စည်ရှည်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖




# နိုင်ငံနှင့်လူမျိုး၏အမွေအနှစ်များ မပျောက်မပျက်အောင် ထိန်းသိမ်းကာကွယ်

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် သမိုင်းဆိုင်ရာ အမွေအနှစ်များကိုယ်စီရှိကြသည်။ ယင်းအမွေအနှစ်များသည် သမိုင်းကြောင်းအရ အရေးပါပြီး အတိတ်ကာလမှသည် မျက်မှောက်ကာလသို့တိုင် ကြွင်းကျန်တည်ရှိနေသည့် ဒြပ်ရှိဒြပ်မဲ့ပစ္စည်းများဖြစ်သကဲ့သို့ ဆိုင်ရာလူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုလက္ခဏာများကို မျက်မြင်တွေ့ရှိနိုင်သည့် အရာများလည်းဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတိုင်းက မိမိတို့၏အမွေအနှစ်များကို တန်ဖိုးမဖြတ်နိုင်သည့် ရတနာများအဖြစ် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် မပျောက်မပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြသည်။

မြန်မာ့သမိုင်းတွင် အင်းဝကို ခေတ်လေးခေတ် ခွဲခြားထားပြီး မင်းနေပြည်တော်အဖြစ်လည်း လေးကြိမ်ဖြစ်ခဲ့သည်။ ပထမအင်းဝခေတ်သည် ခရစ်နှစ် ၁၃၆၃ မှ ၁၅၅၄ အထိ၊ ဒုတိယအင်းဝခေတ်သည် ခရစ်နှစ် ၁၅၉၇ မှ ၁၇၅၁ အထိ စုစုပေါင်း မင်း ၂၇ ပါး စိုးစံခဲ့ပြီး တတိယအင်းဝခေတ်နှင့် စတုတ္ထအင်းဝခေတ်တို့တွင် အင်းဝ၌စိုးစံခဲ့သည့် မင်းလေးပါးမှာ ကုန်းဘောင်မင်းဆက်ဘုရင်များ ဖြစ်ကြသည်။ စုစုပေါင်း မင်း ၃၁ ပါး စိုးစံခဲ့သည့် အင်းဝသည် သမိုင်းဝင်မြို့ဟောင်းတစ်ခုဖြစ်ပြီး မှတ်တမ်းတင်ထားသော စာရင်းများအရ ရှေးဟောင်းအဆောက်အအုံများနှင့် ဘုရား၊ စေတီပုထိုးပေါင်း ၃၀၀ ရှိသည်။ အင်းဝတွင် ထင်ရှားသည့်နေရာများမှာ သစ်တပ်၊ မြို့ရိုး၊ ကျော်ဘုံတံခါး၊ မဟာဇေယျပထတံတားခေါ် ဦးအိုအုတ်လမ်း၊ နန်းမြင့်မျှော်စင်၊ ဆင်ကျုံးခံတပ်၊ အောင်မြေဘုံစံအုတ်ကျောင်းခေါ် မယ်နုအုတ်ကျောင်း၊ ဗားကရာကျောင်းတိုက်၊ လေးထပ်ကြီးဘုရား၊ လောကသရဖူစေတီတော်တို့မှာ ထင်ရှားသည်။ အင်းဝတွင် ခေတ်အဆက်ဆက် တည်ဆောက်ခဲ့သည့် ဘုရား၊ ကျောင်း၊ ကန်၊ သာသနိကအဆောက်အအုံများမှာ ထိုခေတ်၏ မြန်မာ့ဗိသုကာလက်ရာများကို တွေ့ရှိနိုင်သကဲ့သို့ နံရံဆေးရေးပန်းချီများ၊ ကျောက်စာများ၊ ခေါင်းလောင်းစာများလည်း တည်ရှိနေသည်။

မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရတို့မှာ မြန်မာမင်းများ ထီးနန်းစိုက်ခဲ့ရာ မြို့များဖြစ်ပြီး တစ်မြို့နှင့်တစ်မြို့လည်း မနီးမဝေး တည်ရှိနေကြသည်။ ကျုံး၊ မြို့ရိုး၊ နန်းတော်ရာများ၊ သမိုင်းဝင်နေရာများ ကျန်ရှိနေသေးသည့်အလျောက် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရန်လိုသည်။ အထူးသဖြင့် လူနေထူထပ်သိပ်သည်းလာပြီး မြို့ပြလူနေမှုပုံစံပြောင်းလဲလာခြင်းက တန်ဖိုးမြင့်မားသည့် ရှေးဟောင်းအမွေအနှစ်များကို လွှမ်းမိုးသွားခြင်းမဖြစ်စေရန် လိုသည်။ မိမိတို့ဒေသတွင်ရှိနေသည့် သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်များသည် ဒေသ၏ ဝိသေသလက္ခဏာများပင်ဖြစ်ပြီး ဒေသခံပြည်သူတို့၏ ဂုဏ်ယူဖွယ်ရာများအဖြစ် တန်ဖိုးထားထိန်းသိမ်းကြရမည် ဖြစ်သည်။ လိုအပ်ပါက ဥပဒေများ၊ ဒေသန္တရအမိန့်များဖြင့် ထိန်းသိမ်းတန် ထိန်းသိမ်းရမည်လည်း ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီ ၇ ရက်က မန္တလေးတိုင်းဒေသကြီး အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီးနှင့် မောင်အိုအုတ်လမ်း ထိန်းသိမ်းထားရှိမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နေရာနှင့် မြို့ရိုးတို့အား စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်ရေး၊ ကျုံးအား ရှေးမူမပျက် မွမ်းမံ၍ ပြန်လည်ထိန်းသိမ်းရေး၊ မဟာဇေယျပထတံတားခေါ် မောင်အိုတံတားကို ရှေးမူလလက်ရာအတိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်းမွမ်းမံနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်မည်ဆိုပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုး-အပြစ်များအား စနစ်တကျ သုတေသနပြုလုပ်၍ တင်ပြသွားရန်၊ မူလအုတ်လမ်းအား သုတေသနပြုလုပ်ရန်တို့ကို မှာကြားခဲ့သည်။

အင်းဝသည် ပုဂံခေတ်ပြီးနောက် ကြီးကျယ်ထင်ရှားခဲ့သည့် ခေတ်တစ်ခေတ်ဖြစ်ပြီး အင်းဝမြို့ဟောင်းမှာ ပြည်တွင်း၌သာမက ပြည်ပသို့တိုင် ကျော်ကြားသည့် သမိုင်းဝင်မြို့ဟောင်းတစ်ခုဖြစ်သည်။ အင်းဝဒေသအတွင်း ကြွင်းကျန်တည်ရှိနေသည့် သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်တို့ကို သမိုင်းနောက်ခံနှင့်တကွ ထင်ရှားအောင်ဖော်ထုတ်၍ ထိန်းသိမ်းမွမ်းမံခြင်းအားဖြင့် ပြည်တွင်းပြည်ပ ခရီးသွားများ လက်ရှိဝင်ရောက်လည်ပတ်လေ့လာသည်ထက် များစွာပိုမိုဝင်ရောက်လာနိုင်သည့် ဒေသဖြစ်သည်။ အင်းဝ၏ အထင်ကရ အဆောက်အဦ အမွေအနှစ်များကို ရှေးကလက်ရာနှင့် ထပ်တူမွမ်းမံပြင်ဆင်၍ စနစ်တကျ ပြန်လည်ထိန်းသိမ်းရာတွင် အင်းဝကို ချစ်မြတ်နိုးသူများ၊ ဒေသခံပြည်သူများကပါ မိမိတို့စွမ်းအားရှိသရွေ့ ပါဝင်ကူညီကြခြင်းဖြင့် တာဝန်ကျေပွန်ကြရပါမည့်အကြောင်း။ ။



## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




### ၈ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅၄၈၀၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

### ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

❖ *ရှေ့ဖုံးမှ*

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားလူငယ် မောင်မယ်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ စည်ရှည်တံတားအား လှည့်လည်ကြည့်ရှုကြစဉ်။

### ရှင်းလင်းတင်ပြ

ဦးစွာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းက စည်ရှည်တံတားတည်ဆောက်ခဲ့မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က စည်ရှည်တံတားဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်နိုင်ဦးနှင့် မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းတို့က စည်ရှည်တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားကမ္ပည်းမော်ကွန်း ကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် စည်ရှည်တံတားအား လှည့်လည်ကြည့်ရှုကြပြီး တိုင်းရင်းသားမောင်မယ်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ မန္တလေးနန်းမြို့ရိုး အနောက်ဘက်ရှိ စည်ရှည်တံတားသည် မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီး လက်ထက်၌ မြနန်းစံကျော်ရွှေနန်းတော်နှင့်အတူ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဒုတိယ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တံတားကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်နိုင်ဦးနှင့် မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းတို့က စည်ရှည်တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**❝ မန္တလေးနန်းမြို့ရိုး အနောက်ဘက်ရှိ စည်ရှည်တံတားသည် မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီး လက်ထက်၌ မြနန်းစံကျော်ရွှေနန်းတော်နှင့် အတူ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဒုတိယကမ္ဘာစစ် ကာလအတွင်း စစ်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရာ စည်ရှည်တံတားသည် မန္တလေးနန်းမြို့ရိုး၏ အနောက်ဘက် ထွက်ပေါက် ပင်မတံတားတစ်စင်းဖြစ် ❞**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ စည်ရှည်တံတား ဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

ကမ္ဘာစစ်ကာလအတွင်း စစ်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရကြောင်း၊ စည်ရှည်တံတားသည် မန္တလေး နန်းမြို့ရိုး၏ အနောက်ဘက် ထွက်ပေါက် ပင်မတံတားတစ်စင်း ဖြစ်ကြောင်း၊ တံတားအား မူလပုံစံအတိုင်း ရှေးမူမပျက်တည်ဆောက်နိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင်ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ မန္တလေးနန်းတော်ကြီး၏ လေးပြင်လေးရပ်တို့တွင် တစ်ဖက်လျှင် တံခါးပေါက်ကြီး သုံးပေါက်စီဖြင့် တံခါးပေါက် ၁၂ ပေါက် တည်ဆောက်ထားပြီး ထိုသုံးပေါက်၏ အလယ်တံခါးကို ဓာတ်နာမ်များဖြင့် မှည့်ခေါ်ထားခဲ့ကြောင်းနှင့် ယခုကဲ့သို့ အနောက်ဘက်အရပ်ရှိ စည်ရှည်တံတားကြီးကို ပြန်လည်တည်ဆောက်ခြင်းအားဖြင့် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် မြနန်းစံကျော် ရွှေနန်းတော်ကြီး၏ အင်္ဂါရပ်ကို ပြန်လည်၍ ပိုမိုပြည့်စုံစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုံရွာမြို့၌ နိုင်လွန်ကတ္တရာလမ်းဖွင့်

**မုံရွာ ဖေဖော်ဝါရီ ၈**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဆူးလေကုန်းရပ်ကွက်ရှိ ပေပင်ကျောင်းလမ်း၊ ဈေးလမ်း၊ ယွန်းကျောင်းလမ်းနှင့် အောင်မင်္ဂလာရပ်ကွက် မြိုင်ဝေဆာလမ်း စုစုပေါင်း နိုင်လွန်ကတ္တရာ လမ်းလေးလမ်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုလွင်တို့က ဆူးလေကုန်းရပ်ကွက်ရှိ ပေပင်ကျောင်းလမ်း၊ ဈေးလမ်း၊ ယွန်းကျောင်းလမ်းနှင့် အောင်မင်္ဂလာရပ်ကွက်၊ မြိုင်ဝေဆာလမ်း စုစုပေါင်းနိုင်လွန်ကတ္တရာလမ်း လေးလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါလမ်းဖွင့်ပွဲ မုခ်ဦးရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကာ ဆူးလေကုန်းရပ်ကွက်ရှိ ပေပင်ကျောင်းလမ်း၊ ဈေးလမ်း၊ ယွန်းကျောင်းလမ်းနှင့် အောင်မင်္ဂလာရပ်ကွက်၊ မြိုင်ဝေဆာလမ်း နိုင်လွန်ကတ္တရာလမ်းကို ဖြတ်သန်း ကြည့်ရှုစစ်ဆေးကြပြီး ရပ်ကွက်နေ ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မိတ်ဆက်စကားများ ပြောကြားသည်။

အဆိုပါ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ ဆူးလေကုန်းရပ်ကွက်ရှိ ပေပင်ကျောင်းလမ်းသည် အရှည် ပေ ၁၂၆၀၊ အကျယ် ၁၄ ပေ၊ ၃ လက်မခွဲထု၊ ဈေးလမ်းသည် အရှည် ပေ ၁၈၂၀၊ အကျယ် ၁၄ ပေ၊ ၃ လက်မခွဲထု၊ ယွန်းကျောင်းလမ်းသည် အရှည် ပေ ၁၃၇၀၊ အကျယ် ၁၄ ပေ၊ ၃လက်မခွဲထုနှင့် အောင်မင်္ဂလာရပ်ကွက် မြိုင် ဝေဆာလမ်းသည် အရှည် ပေ ၈၅၀၊ အကျယ် ၁၄ ပေ၊ ၃ လက်မခွဲထု နိုင်လွန်ကတ္တရာလမ်းများဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ အမှတ် (၅) အခြေခံပညာထက်တန်း ကျောင်းဝင်းအတွင်းရှိ ဘောလုံးကွင်းပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ စဉ်ဆက်ပညာရေးလုပ်ငန်း စာသင်ဝိုင်းဖွင့်လှစ်နေမှု ကြည့်ရှုအားပေး

**ပေါင် ဖေဖော်ဝါရီ ၈**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း စဉ်ဆက်ပညာရေးလုပ်ငန်း စာသင်ဝိုင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၆ ရက်တွင် ကြည့်ရှုအားပေးသည်။

ပေါင်မြို့နယ် ရပ်ကွက်သုံးခုရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဖွင့်လှစ်သည့် စာတတ်မြောက်ရေး စာသင်ဝိုင်းသင်ကြားပေးနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ကူညီပေးသည်။

အကြောင်းအမျိုးမျိုးကြောင့် ရပ်ရွာဒေသအတွင်း ကျောင်းမနေခဲ့ရသူများ၊ မူလတန်းပညာမသင်ကြားခဲ့ရသူများအတွက် စဉ်ဆက်ပညာရေးအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပေါင်မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉ စုတို့၌ စာသင်ဝိုင်း ၅၀ ဖွင့်လှစ်၍ စာသင်သား ၅၂၆ ဦးတို့အား နည်းပြ ၅၀၊ ကြီးကြပ် ငါးဦးတို့ဖြင့် ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ ရက်ပေါင်း ၆၀ ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**



**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီးနှင့် မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော်ကြီးတို့၏ ကျန်းမာရေးအခြေအနေများအား သွားရောက်ကြည့်ရှု လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်၊ ရွှေကျီးမြင်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော် ၉၇ နှစ်၊ ဝါတော် ၇၇ ဝါရှိ သက်တော်ရှည် ဆရာတော်ကြီးသည် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှု ခံယူလျက်ရှိရာမှ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာခဲ့ပြီဖြစ်သဖြင့် မဟာဝိဇိတာရုံ ပရိယတ္တိ စာသင်တိုက်ကြီး၌ ပြန်လည် သီတင်းသုံးတော်မူလျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ဖူးမြော် ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီးအား ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးထားသည့် အခြေအနေများကို မေးမြန်းရာ တာဝန်ရှိသူများက ဆရာတော်ကြီး၏ ကျန်းမာရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီး၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အခြေအနေများကို မပြတ်စောင့်ကြည့်၍ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကိုယ်လက်လှုပ်ရှားမှုများကိုလည်း မပြတ်ဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို အလေးထားမှာကြားသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့် ငှက်သိုက်နှင့် စားသောက်ဖွယ်ရာများ၊ နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မန္တလေးမြို့တောင်ဘက် အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံ ကျောင်းတိုက်သို့ ရောက်ရှိကြပြီး မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဣန္ဒေါဘာသာဘိဝံသ သက်တော် ၉၃ နှစ်၊ ဝါတော် ၇၃ ဝါရှိ သက်တော်ရှည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုသည်။ ဆက်လက်၍ ဆရာတော်ကြီး၏ ကျန်းမာရေး အခြေအနေများကို မေးမြန်းလျှောက်ထားပြီး ဆရာတော်ကြီး၏ ကျန်းမာရေးနှင့် ပတ်သက်၍ လိုအပ်သည်များကို အလေးထား ဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့် ငှက်သိုက်နှင့် စားသောက်ဖွယ်ရာများ၊ နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

### ဖူးမြော်ကြည်ညို

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုအတွက် အမျှပေးဝေကြကာ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မန္တလေးမြို့ရှိ ရွှေကျီးမြင်ဘုရားသို့ ရောက်ရှိကြပြီး ရေးမြန်မာမင်းမြတ်တို့ ထီးနန်းစဉ်ဆက် ကိုးကွယ်တော်မူခဲ့သည့် မြန်မာပြည်အရပ်ရပ်မှ ဆုတောင်းပြည့် ဆင်းတုတော်များ ကိန်းဝပ်စံပယ်တော်မူရာ လိုဏ်ဂူတော်အတွင်းရှိ ရွှေကျီးမြင်ရုပ်ပွားတော်အပါအဝင် အညာသီဟတောဘုရား၊ ရွှေကွန်အုပ်ဘုရား၊ မြသိန်းတန် မြတ်စွာဘုရား၊ ရွှေလင်းပင်ဘုရားနှင့် အခြားမြတ်စွာဘုရား၏ ဗုဒ္ဓရုပ်ပွား

*စာမျက်နှာ ၆ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ ရွှေကျီးမြင်ဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်စဉ်။

*စာမျက်နှာ ၅ မှ*

တော်မြတ်များကို ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်သည်။

**အလှူတော်ငွေများ လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘုရားကြီးအတွက် စုပေါင်းဘက်စုံ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုဏ်ဂူတော်အတွင်း ထုဆစ်ပုံဖော်ထားရှိသည့် မြန်မာရိုးရာ အနုသုခုမအမွေအနှစ်များအား စနစ်တကျ ထိန်းသိမ်းသွားရန်၊ ဘုရားဖူးလာ မိဘပြည်သူများ စည်းကမ်းရှိစွာဖြင့် ကြည့်ရှုနိုင်ရေး ဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေကျီးမြင်ဘုရား ဌေ့သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး ရွှေကျီးမြင်ဘုရားအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေကျီးမြင်ဘုရား ပရိဝုဏ်တော်အတွင်း တည်ထားကိုးကွယ်ထားရှိသည့် သာသနိက အမွေအနှစ်များကို လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဘုရားကြီးအတွက် စုပေါင်းဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေကျီးမြင်ဘုရား လိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များကို လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

# ကလောမြို့၌ လမ်းကြမ်းအပြေး အားကစားပြိုင်ပွဲကျင်းပ

**ကလော ဖေဖော်ဝါရီ ၈**

International Trail Running Association (ITRA) (နိုင်ငံတကာပြေးလမ်းအသင်း) ၏ ညွှန်ကြားမှုဖြင့် ရန်ကုန်မြို့ အခြေစိုက် Myanmar Ultra Trail Run Association (MUTRA) (မြန်မာနိုင်ငံ ခရီးကြမ်းအပြေးပြိုင်ပွဲအသင်း)မှ ဦးဆောင်ကျင်းပသည့် Kalaw Ultra Trail Run 2025 ကလောလမ်းကြမ်း အပြေးပြိုင်ပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ကလောမြို့ မောမြေဦးပန်းခြံအနီး နာရီစင်၌ ယနေ့နံနက် ၆ နာရီက ကျင်းပရာ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပ အပြေးအားကစားသမားများ တက်ရောက်ခဲ့သည်။



ဦးစွာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က ကလောမြို့သည် ခရီးသွားများ အလွန်စိတ်ဝင်တစားဖြင့် လာရောက်လည်ပတ်သည့်မြို့ဖြစ်၍ ယခုလိုပြိုင်ပွဲ၊ ပြပွဲ၊ အားကစားပွဲများကို ကျင်းပခြင်းအားဖြင့် ခရီးသွားများ ပိုမိုစိတ်ဝင်စားပြီး ပိုမိုလာရောက်လည်ပတ်ကြခြင်းဖြင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိကာ ဒေသလည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ယခုလို အားကစားပြိုင်ပွဲကနေ မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားများ အမှန်တကယ် ပေါ်ထွက်လာစေရေးနှင့် ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် ပြိုင်ပွဲတွင် အနိုင်ရရှိနိုင်ရန် ပန်းတိုင်ကို အာရုံစိုက်ထားပြီး လမ်းကြောင်းတစ်လျှောက်တွင်ရှိသည့် အခက်အခဲများကို ကျော်ဖြတ်ကာ ပြိုင်ပွဲမှ သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း မှန်မှန်ကန်ကန် ပြေးရန်လိုပြီး ယခုပြိုင်ပွဲမှတစ်ဆင့် အတွေ့အကြုံများရယူကာ နိုင်ငံကိုယ်စားပြုအားကစားသမားများဖြစ်လာစေရေး ကြိုးစားအားထုတ်ယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားသည်။

**ဆုချီးမြှင့်ပေးသွားမည်**

ထို့နောက် ကလောလမ်းကြမ်း အပြေးပြိုင်ပွဲကို သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့သည်။ အဆိုပါ ကလောလမ်းကြမ်း အပြေးပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက်တွင် ၈၀ ကီလိုမီတာ ကျား ၃၅ ဦး၊ မ လေးဦးနှင့် စုစုပေါင်း ၃၉ ဦး၊ အပျော်တမ်းပြေး ၅ ကီလိုမီတာ ကျား၊ မ ပေါင်း ၆၀၀တို့ ယှဉ်ပြိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၈ ရက်တွင် ၅၀ ကီလိုမီတာ ကျား/မ ၉၇ ဦး၊ ၂၅ ကီလိုမီတာ ကျား/မ ၂၈၀၊ ၁၅ ကီလိုမီတာ ကျား/မ ၃၀၀ တို့အား ကီလိုမီတာအလိုက် သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့ကာ ပြိုင်ပွဲဝင် ဆုရရှိသူများအား ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား အစီအစဉ်များအလိုက် အစမ်းလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

✳ *ကျောဖုံးမှ*

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား အစီအစဉ်များအလိုက် အစမ်းလေ့ကျင့်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် MSME လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ၊ Digital Corner နည်းပညာပြခန်း၊ MSME နှင့် ချိတ်ဆက်ထားသည့် ဆက်စပ်လုပ်ငန်းပြခန်း၊ Business Matching Hall တွင် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးအသီးသီးမှ စီးပွားရေးသံမှူးများနှင့် ပြည်ပပို့ကုန်ပို့လိုသည့် ပြည်တွင်းလုပ်ငန်းရှင်များ အပြန်အလှန် ဆက်သွယ်နိုင်ရေး ဆောင်ရွက်ပေးထားမှု ဝန်ဆောင်မှုပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ လုပ်ငန်းရှင်များအတွက် ကြော်ငြာရိုက်ကူး ထုတ်လုပ်ပေးနိုင်မှု သရုပ်ပြခန်းအပါအဝင် ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၏ ကဏ္ဍစုံလင်စွာ ပြခန်းအလိုက် ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွား ချိတ်ဆက်မှုများ (B2B)၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ အပါအဝင် ပြခန်းစုစုပေါင်း ၉၆ ခန်းဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးသွားမည် ဖြစ်ပြီး ထုတ်ကုန်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် အမျိုးအစားများအလိုက် ဆုအမျိုးအစားပေါင်း ၃၁ မျိုးအပေါ် Digital Trophy ၊ ဂုဏ်ပြုလက်မှတ်နှင့် ငွေသားဆုများ ပေးအပ် ချီးမြှင့်သွားမည်ဖြစ်ပြီး အဆိုပါငွေသားဆုအား ချီးမြှင့်ခံရသူမှ Digital Payment System အသုံးပြု၍ လက်ငင်း E Banking ဖြင့် ငွေသားထုတ်ယူရရှိရေး စီစဉ်ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထုတ်ကုန်ပြပွဲ ယှဉ်ပြိုင်ပွဲ နယ်တကာစုံ အတူနွှဲ

✳ နိုင်ငံတော် ပြည်တစ်ဝန်းက
ကြည်ရွှင်လန်း ဆွေညီဖော်တို့
နေပြည်တော် တပေါင်းကွင်းမှာတဲ့
အကြောင်းရင်း ဖွေရှာတော့
ကောင်းသတင်း သေချာတာက
ခင်းကျင်းကာ စုံလင်ပြမယ့်
ဂုဏ်အင်လှ ပြခန်းအထွေထွေပေါ့
အံ့မခန်း ရှုစမ်းအဆွေတို့
ဆန်းသစ်စေ ထုတ်ကုန်များရယ်နဲ့
တိုးပွားဖို့ ကြိုးစားနေ။
✳ ပြိုးပန်းက တဝေဝေ
မရှုံးတမ်းလေ မြတ်စိတ်ထားရယ်နဲ့
အများပြည်သူ ပျော်ရွှင်ပွဲမို့
ဆင်နွဲကာ ကိုယ်စီဟန်နဲ့
မြန်မာမှန် နိုင်ငံချစ်ပါလို့
အသစ်အသစ် နည်းလမ်းအလီလီပေါ့
ခေတ်စနစ်မီ ရောင်းဝယ်ပြုတဲ့
စက်မှုထုတ်ကုန် အဆင့်မြင့်မားတယ်
အားရစရာတွေ။
✳ အသေး အငယ် အလယ် အလတ်ရယ်နဲ့
အတွေးကြွယ် ပေါင်းကာစပ်လို့
ထူးမြတ်စရာ အမျိုးသားရေးမို့
စီးပွားရေးမှာ ယှဉ်ပြိုင်လာ
နိုင်သူမှာ ရွှင်နလုံးရယ်နဲ့
ရှုံးသူမှာ အစဉ်ပြုံးပါလို့
အကောင်းဆုံး တာဝန်ကျေ
ရေရှည်အတွက် ဖွံ့ဖြိုးရေး။
✳ ပြည်ပပို့ကုန် တိုးကာမြှင့်ဖို့
အရည်အသွေးမြင့် ထုတ်ကုန်တွေ
ရှုကြည့်စေ အမြင်ဆန်းပါရဲ့
အံ့မခန်း ဈေးပွဲတော်ရယ်လို့
ကြွေးကြော်ကာ တပျော်တပါးပါပဲ
ကြွရောက်ကာ အားပေး
စီးပွားရေးမှာ အောင်မြင်မှုတွေနဲ့
ကြီးမားအတွေး အောင်ဇေယျတုပါပဲ
( ၇၈-နှစ်မြောက် ပြည်ထောင်စုနေ့ကို... )
ဂုဏ်ပြုတယ်လေး။ ။

**(ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲကို ဂုဏ်ပြုပါသည်)**

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

## မြဝတီမြို့၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကျင်းပ

**မြဝတီ ဖေဖော်ဝါရီ ၈**

ကရင်ပြည်နယ် မြဝတီမြို့နယ်အဆင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က အမှတ်(၄) ရပ်ကွက် မြစန္ဒီပန်းခြံဝင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းစံလင်းက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးကဏ္ဍမှစ၍ အခြေခံကြောင်းနှင့် ဘက်စုံပညာရေးစနစ်ကို မြှင့်တင်ခြင်းအားဖြင့် နိုင်ငံတော်အတွက် အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များစွာ ပေါ်ထွန်းလာမည်ဖြစ်ကြောင်းပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမိုးကျော်က ပညာရေးစုံညီပွဲတော် ဆုချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဗဟိုအဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင်ဒုတိယဆုရ အထက(၁) Grade-9 မှ မဆောင်းနှင်းရွှေစင်က စွမ်းရည်ပြသပြီးနောက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ ဆက်လက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘက်စုံပညာရည် ထူးချွန်ဆုရရှိသူများအား မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဧရာဝတီမြစ်ရေတိုက်စား ကမ်းပြိုမှုကာကွယ်ရေး ကမ်းထိန်းတမံတည်ဆောက်နေမှုနှင့် သောင်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး





**ရန်ကုန် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဧရာဝတီမြစ်ကမ်းပါး အိပ်ပျက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများနှင့် ရေကြီးရေလျှံမှုကာကွယ်ရေးတာများ ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေးအတွက် ကမ်းထိန်းတမံ တည်ဆောက်နေမှုနှင့် သောင်တူးဖော်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

**အလေးထားဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဧရာဝတီမြစ်အတွင်းမှ ရေယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးစဉ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရေးဆွဲထားသောလုပ်ငန်းအချိန်ဇယား (Work Plan) အတိုင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်၊ အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

**အမြန်ဆုံးအကောင်အထည်ဖော်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမြန်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာပြီး ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ဧရာဝတီမြစ်ကမ်းပါးဘေးရှိ အုန်းကုန်းကျေးရွာ ရေတိုက်စားကမ်းပြိုမှုနှင့် ရေကြီးရေလျှံမှု ကာကွယ်ရေးတာများ ရေတိုက်စားကမ်းပြိုမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့်အစီအမံများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ထိရောက်အကျိုးရှိစေသည့် ရေရှည်အစီအမံများ (Master Plan) သေချာလေ့လာရေးဆွဲပြီး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မွန်ပြည်နယ်၌ အသည်းရောင်အသားဝါရောဂါ (စီ)ပိုး စစ်ဆေးကုသခြင်းဆိုင်ရာ အသိပေးဆွေးနွေး

**မော်လမြိုင် ဖေဖော်ဝါရီ ၈**

အသည်းရောင်အသားဝါရောဂါ (စီ)ပိုး စစ်ဆေး၊ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ အသိပေးဆွေးနွေးပွဲ အခမ်းအနားကို မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မိုရ်စိုးက အသည်းရောင်အသားဝါရောဂါ (စီ)ပိုး စစ်ဆေးကုသမှုပေးမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အသည်းရောင်အသားဝါရောဂါ(စီ)ပိုး စစ်ဆေးကုသပေးနေမှုနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနေမှုကို ကြည့်ရှုပြီး အားပေးစကားပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူပံ့ပိုးပေးထားသော အသည်းရောင်အသားဝါရောဂါ(ဘီ)ပိုးနှင့် (စီ)ပိုး စစ်ဆေးရာတွင် အသုံးပြုသည့် HBs Ag RDT နှင့် HCV Antibody RDT များ၊ အသည်းရောင်အသားဝါရောဂါ (စီ)ပိုး ကုသရာတွင် အသုံးပြုသည့် Hepatitis C Anti-viral ဆေးများကို ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့သို့ ဖြန့်ဖြူးထားရှိပြီးဖြစ်၍ မွန်ပြည်နယ်အတွင်းရှိအသည်းရောင်အသားဝါရောဂါ(စီ)ပိုးရှိပြီး ကုသမှုမခံယူရသေးသူများအတွက် ရောဂါပိုးရှိ မရှိ စစ်ဆေးအတည်ပြုခြင်း၊ ရောဂါပိုးရှိသူလူနာ၏ အသည်းအခြေအနေနှင့် အခြားရောဂါ ရှိ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး ရလဒ်အပေါ်မူတည်၍ ၁၂ ပတ်မှ ၂၄ ပတ်အတွင်း ပျောက်ကင်းအောင် ကုသမှုပေးခြင်းကို ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့၏ အထူးကုပြင်ပလူနာဌာနတွင် အပတ်စဉ်သောကြာနေ့တိုင်း မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ စစ်ဆေးကုသမှုပေးမည်ဖြစ်ကြောင်းနှင့် မော်လမြိုင်၊ ကျိုက်မရော၊ မုဒုံမြို့နယ်တို့မှ အသည်းရောင်အသားဝါရောဂါ(စီ)ပိုး ပဋိပစ္စည်းရှိသူ ၁၉ ဦးအား လိုအပ်သောစစ်ဆေးမှုများ စတင်ဆောင်ရွက်၍ စစ်ဆေးချက်ရလဒ်များအရ ကုသမှုပေးမည်ဖြစ်ပြီး အခြားမြို့နယ်များမှ အသည်းရောင်အသားဝါရောဂါ(စီ)ပိုး တွေ့ရှိထားသော လူနာများအား ဆက်လက်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

# မိုင်းဖြတ်မြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်ချောလမ်းဖွင့်လှစ်

**မိုင်းဖြတ် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟောင်ဟင်-နမ့်ကုန်း-အင်ပါကူ (ပေါ်) ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက အဆိုပါလမ်းသစ်ပေါ်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးက အမှာစကားပြောကြားပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျလင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်သည့် ကျောက်ချောလမ်းဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာနေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများကို အကျိုးပြုမည့်အခြေအနေများနှင့် လမ်းပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြား၍ ကျေးရွာနေပြည်သူ ဦးညွန့်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ဟောင်ဟင်-နမ့်ကုန်း-အင်ပါကူ(ပေါ်) ကျောက်ချောလမ်းသစ်ကို ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုး၊ သုခမ္မမဏ္ဍိဇောတဓရ ဦးထွန်းရွှေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး ညီဝင်းထွန်းနှင့် ရပ်မိရပ်ဖ ဦးညွန့်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောက်ချောလမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။



အဆိုပါလမ်းကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေ ၁၁၉ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပြီး လမ်းအရှည် (၀/၆)မိုင်၊ အကျယ် ၁၈ပေ၊ ဒုခြောက်လက်မ ကျောက်ချောလမ်းအမျိုးအစားဖြစ်သည်။ ယခုအခါ ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် ဟောင်ဟင်၊ နမ့်ကုန်း၊ အင်ပါကူ(ပေါ်)၊ မာကာကျေးရွာနှင့် အခြားကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရွှေကို(မိုင်းဖြတ်)

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဥသဿစိုက်ပျိုး မွေးမြူရေးနှင့် ကုန်ထုတ် သမဝါယမအသင်းက မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းအသားစားသုံးမှု ဖူလုံစေရေးအတွက် တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ကျပ်သန်း ၂၀ ရယူ၍ ဒေသကြက်ကောင်ရေ ၂၀၀၀ မွေးမြူထားမှုကို တွေ့ရစဉ်။

ခရိုင်(ပြန်/ဆက်)



# အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန် ဂုရုကြီးနှင့်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး စီးပွားရေးနှင့် ကုမ္ပဏီလုပ်ငန်းရှင်များအား စိတ်အေးချမ်းမှုကျင့်စဉ်များ ဆွေးနွေးဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်မြို့၌ ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန် ဂုရုကြီး Sri Sri Shankar သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatirium Hotel၊ The Grand Ballroom ၌ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး စိတ်အေးချမ်းမှုကျင့်စဉ်နှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောသည်။

အခမ်းအနားသို့ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့်လေ့လာသူများ တက်ရောက်ကြသည်။




အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန် ဂုရုကြီးနှင့်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်စဉ်။

**ဗီဒီယိုဖိုင်ပြသ**

ဦးစွာ ကမ္ဘာကြီးတွင် လိုအပ်သော ငြိမ်းချမ်းမှုအတွက် မေတ္တာတရားများ မွေးမြူရန်လိုအပ်မှုနှင့် ကျန်းမာသောခန္ဓာကိုယ်ကို ပိုင်ဆိုင်ရရှိနိုင်စေသော ရှုမှတ်မှုကျင့်စဉ်များနှင့် စပ်လျဉ်းသည့် ဗီဒီယိုဖိုင်ကို ပြသသည်။

ထို့နောက် ဂုရုကြီးအား အိန္ဒိယသံအမတ်ကြီးနှင့် တာဝန်ရှိသူတို့က ဂါရဝပြုပန်းစည်းများ ပေးအပ်သည်။




ယင်းနောက် ဂုရုကြီးက စိတ်ပိုင်းဆိုင်ရာ စွမ်းအင်ကြီးမားမှု၊ ဘဝတွင် ကြုံတွေ့ရသောအခက်အခဲများကို စိတ်ဖြင့်ထိန်းချုပ်၍ အောင်မြင်စွာ ကျော်ဖြတ်နိုင်မှု၊ တရားထိုင်ခြင်းဆိုင်ရာများ၊ ငြိမ်းချမ်းမှုကိုရရှိစေရန် စိတ်နှလုံးတည်ငြိမ်အေးချမ်းမှုကို စတင်မွေးမြူ ပျိုးထောင်ပေးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများနှင့်အတူ တရားထိုင်မှုကျင့်စဉ်ကို လက်တွေ့ပြသကာ သိရှိလိုသည်များ မေးမြန်းမှုအပေါ် ရှင်းလင်းဖြေကြားသည်။

**ဆီမီးထွန်းညှိပူဇော်**

မွန်းလွဲပိုင်းတွင် ဂုရုကြီး Sri Sri Shankar သည် အမျိုးသားဇာတ်ရုံ၌ကျင်းပသည့် တရားကျင့်စဉ်နှင့် အသိဉာဏ်ပွင့်လင်းမှုဆိုင်ရာ အခမ်းအနားသို့ တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားပြီး (ဝဲပုံ)ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ၊ နီပေါသံအမတ် ကြီး H.E.Mr Harish-chandra Ghimire၊ ကမ္ဘောဒီးယားသံအမတ်ကြီး H.E CHENG Manith နှင့် သီရိလင်္ကာသံအမတ်ကြီး H.E. Mrs Prabashini Ponnaperuma တို့နှင့်အတူ ဆီမီးထွန်းညှိပူဇော်သည်။

**ဂါရဝပြု**

ထို့နောက် ယောဂကျင့်စဉ် (Yoga)နှင့်စပ်လျဉ်း၍ ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူတို့နှင့်အတူ ယောဂကျင့်စဉ်ကို ပြသကာ “Celebrating Love” မြန်မာဘာသာပြန် စာအုပ်ကို မိတ်ဆက်ပေးသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ အိန္ဒိယရိုးရာအက၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) မှ ကျောင်းသားကျောင်းသူများက မြန်မာ့ရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ပြီး Art of Living ပရဟိတအဖွဲ့မှ ဂုရုကြီးအား ဂုဏ်ပြုသီချင်းဖြင့် ဂါရဝပြုသည်။

**ကြိုဆိုနှုတ်ဆက်**

ညပိုင်းတွင် ဂုရုကြီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ဆီမီး၊ ပန်းနှင့် ရေချမ်းများ ဆက်ကပ်လှူဒါန်းကာ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂုရုကြီးအား ဂေါပကအဖွဲ့က ရွှေတိဂုံစေတီတော်မြတ်ပုံတော်ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။ **သတင်းစဉ်**

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ် ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အပါအဝင် မြို့နယ် ၁၅ မြို့နယ်တို့၌လည်းကောင်း စာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများနှင့် တက္ကသိုလ်များ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သော နေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။



အလားတူ ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့ရှိ ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# MSME (အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း) များ၏အစ

**၁၈ ရာစုနောက်ပိုင်း ပထမစက်မှုတော်လှန်ရေးဖြစ်ပေါ်လာပြီး လက်မှုပညာနှင့် လယ်ယာလုပ်ငန်းများမှ စက်မှုအခြေပြုထုတ်လုပ်မှုစနစ်များ ထွန်းကားလာခြင်းကြောင့် MSME စတင်ပေါ်ထွန်းလာခြင်းဖြစ်ပါသည်။ အထူးသဖြင့် အထည်အလိပ်၊ အသေးစားစာပေထုတ်လုပ်မှုလုပ်ငန်း၊ အသေးစားသံမဏိထုတ်လုပ်ငန်းများ ပေါ်ထွန်းလာသည်။**

ပီပီပီ(စက်မှု)



ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပမည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ခင်းကျင်းပြသရန် ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

ဒုတိယစက်မှုတော်လှန်ရေး (၁၈၇၀-၁၉၁၄) တွင် အမြောက်အမြားထုတ်လုပ်မှု (Mass Production) စနစ်ကြောင့် အသေးစားကုန်ထုတ်လုပ်ငန်းများပါ ထွန်းကားလာပြီး အကြီးစားစက်မှုစီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်သည့်စနစ် ပေါ်ပေါက်ခဲ့သည်။ သို့ရာတွင် အကြီးစားစက်မှုလုပ်ငန်းများသည် ပြည်သူများ အလုပ်အကိုင်ရရှိရန် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် လူမှုစီးပွားပြဿနာများ ဖြေရှင်းရန် အဖြေရှာခဲ့ကြရာ ဘော်လ်တွန်အစီရင်ခံစာက အသေးစားလုပ်ငန်းများ၏ အရေးပါပုံကို ဖော်ထုတ်ခဲ့ကြပါသည်။

## ဘော်လ်တွန်အစီရင်ခံစာ

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားစီးပွားရေးလုပ်ငန်းများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေကြောင်း သမိုင်းကြောင်းအထောက်အထားများအရ လေ့လာတွေ့ရှိနိုင်ပါသည်။ အင်္ဂလန်နိုင်ငံတွင်လည်း အသေးစားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးတွင် အဓိကကျကြောင်း သိမြင်လာပြီးနောက် စီးပွားရေးလုပ်ငန်းများအား လေ့လာဆန်းစစ်ခဲ့ပြီး ဘော်လ်တွန်အစီရင်ခံစာ ထုတ်ပြန်ခဲ့ပါသည်။

### ၁။ အစီရင်ခံစာထုတ်ပြန်သည့်အကြောင်းရင်း

အင်္ဂလန်နိုင်ငံတွင် စက်မှုလုပ်ငန်းများသည် ၁၇ ရာစုမှ စတင်ဖွံ့ဖြိုးလာခဲ့ပြီး အစိုးရသည် ၁၉၆၀ ပြည့်နှစ်မတိုင်မီ ကာလအထိ လုပ်ငန်းကြီးများကိုသာ ပံ့ပိုးပေးရန် အာရုံထားခဲ့ကာ လုပ်ငန်းငယ်များအတွက် အစိုးရကပံ့ပိုးပေးမှုမရှိခဲ့ပါ။ ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းတွင် လုပ်ငန်းကြီးများသာ နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သည်ဟူသော ယုံကြည်ချက်များ စတင်ပြောင်းလဲလာခဲ့ပြီး လုပ်ငန်းငယ် (Small Business) များကိုပါ ပံ့ပိုးပေးရန် လိုအပ်လာကြောင်းသိရှိခဲ့ကာ ၁၉၆၉ ခုနှစ်တွင် အစိုးရသည် အသေးစားစီးပွားရေးလုပ်ငန်းများ စုံစမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး Mr. J.E. Bolton အား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။ ကော်မတီသည် လုပ်ငန်းငယ်များအတွက် ပံ့ပိုးကာကွယ်ပေးနိုင်ရန် လေ့လာဆန်းစစ်မှုများပြုလုပ်ခဲ့ပြီးနောက် ၁၉၇၁ ခုနှစ် နိုဝင်ဘာလတွင် ဘော်လ်တွန်အစီရင်ခံစာဟုခေါ်သည့် Report of the Committee of Inquiry on Small Firms အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါသည်။

### ၂။ အစီရင်ခံစာ၏ရည်ရွယ်ချက်နှင့် လေ့လာတွေ့ရှိချက်

ဘော်လ်တွန်အစီရင်ခံစာသည် အင်္ဂလန်နိုင်ငံရှိ အသေးစားစီးပွားရေးလုပ်ငန်းများအပေါ် လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များကို တင်ပြထားခြင်းဖြစ်ပါသည်။ Mr. J.E. Bolton က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် စုံစမ်းရေးကော်မတီသည် နိုင်ငံ့စီးပွားရေးတွင် အသေးစားစီးပွားရေးလုပ်ငန်းများ၏ အရေးပါမှုကိုသိရှိရန်၊ ယင်းလုပ်ငန်းများ ကြုံတွေ့နေရသည့်စိန်ခေါ်မှုများကို လေ့လာသိရှိကာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မည်ကဲ့သို့ပံ့ပိုးကူညီပေးရမည်ဟူသည့် အကြံပြုချက်များကို အဆိုပြုတင်သွင်းနိုင်ရန်ရည်ရွယ်၍ လေ့လာမှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ဤလေ့လာမှုတွင် လုပ်သားအင်အား ၂၀၀ ထက်နည်းသော လုပ်ငန်းများအား အသေးစားစီးပွားရေးလုပ်ငန်းများဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ အသေးစားစီးပွားရေးလုပ်ငန်းများသည် အလုပ်အကိုင်ဖန်တီးပေးနိုင်မှု၊ တီထွင်ဆန်းသစ်မှု၊ ယှဉ်ပြိုင်နိုင်မှုနှင့် ဒေသခံလူထု၏ လူမှုစီးပွားဘဝမြှင့်တင်မှုများအတွက် အလွန်ပင်အရေးပါကြောင်း တွေ့ရှိခဲ့ပါသည်။

သုတေသနပြုချက်များအရ အင်္ဂလန်နိုင်ငံ၌ အသေးစားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံ့လုပ်သားအင်အား၏ ၂၅ ရာခိုင်နှုန်းဖြစ်သည့် လူဦးရေ ခြောက်သန်းခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး စုစုပေါင်း တိုင်းပြည်ထုတ်ကုန်တန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကို ပံ့ပိုးပေးပါကြောင်း၊ ယင်းလုပ်ငန်းများသည် ထုတ်ကုန်နှင့် ဝန်ဆောင်မှုအသစ်အဆန်းများဖြင့် ဈေးကွက်ထိုးဖောက်နိုင်ပြီး ဆန်းသစ်တီထွင်မှုဖြင့် ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရာတွင်လည်း အရေးပါသောအခန်းကဏ္ဍမှပါဝင်ပါကြောင်း၊ ထို့အပြင် အသေးစားစီးပွားရေးလုပ်ငန်းများသည် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းအားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုကာ အထူးသဖြင့် ကျေးလက်ဒေသများရှိ ဒေသန္တရစီးပွားရေးကို ဖော်ဆောင်ပေးနိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်သော အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြထားပါသည်။

### ၃။ အစီရင်ခံစာပါ အကြံပြုချက်များ

ဘော်လ်တွန်အစီရင်ခံစာသည် လုပ်ငန်းငယ်များ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကိုဖြေရှင်းရန်နှင့် အဆိုပါလုပ်ငန်းငယ်များအား ပံ့ပိုးကူညီမှုများကို မြှင့်တင်ဆောင်ရွက်ရန် အဓိကအကြံပြုချက်များစွာပေးခဲ့ပါသည်။ အကြံပြုချက်တွင်-

- အသေးစားလုပ်ငန်းများသည် ကုန်သွယ်မှုနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့ပြုသည့် လုပ်ငန်းများဖြစ်သဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် မူဝါဒဆိုင်ရာပံ့ပိုးကူညီမှုနှင့် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက် အဓိကတာဝန်ယူဆောင်ရွက်မည့် အစိုးရဌာနတစ်ခုဖွဲ့စည်းရန် လိုအပ်ကြောင်း၊
- ထိုဌာနကို ကုန်သွယ်မှု သို့မဟုတ် စက်မှုဌာနအတွင်းတွင် ဖွဲ့စည်းပေးရန် လိုအပ်ကြောင်း၊
- အစိုးရ၏ ဝယ်ယူရေးလုပ်ငန်းစဉ်များတွင် အသေးစားစီးပွားရေးလုပ်ငန်းများ ပါဝင်လာနိုင်စေရန် ပံ့ပိုးပေးရန်လိုအပ်ကြောင်း၊
- စွန့်ဦးတီထွင်သူများကို အားပေးသည့်အနေဖြင့် ကောက်ခံသည့် အခွန်နှင့်စပ်လျဉ်း၍ အခွန်မူဝါဒအသစ် ရေးဆွဲရန် လိုအပ်ကြောင်း အကြံပြုထားပါသည်။

အထက်ဖော်ပြပါ အဖွဲ့အစည်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများအပြင်-

- အသေးစားစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ တိုးတက်မှုများအတွက် စီမံခန့်ခွဲမှု၊ ဈေးကွက်ချဲ့ထွင်မှုနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အကြံပေးဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးရန်၊
- နည်းပညာအသစ်များအသုံးချနိုင်ရေး လေ့ကျင့်ရေးအစီအစဉ်များ ပံ့ပိုးပေးရန်၊
- အသေးစားလုပ်ငန်းများအကြား အချင်းချင်းပူးပေါင်း ဆောင်ရွက်ခြင်းကို မြှင့်တင်ပေးရန်၊
- နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်၏ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများတွင် အသေးစားစီးပွားရေးလုပ်ငန်းများ၏ အရေးပါမှုကို အသိအမှတ်ပြု၍ ရပ်ရွာလူမှုဖူလုံရေးနှင့် ကျွမ်းကျင်လုပ်သားအင်အား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းငယ်များအား ပံ့ပိုးကူညီမှုဆိုင်ရာမူဝါဒများ လိုအပ်ကြောင်း၊
- စီမံခန့်ခွဲမှုနှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် လေ့ကျင့်ရေးအစီအစဉ်များသည်လည်း ပညာရေးကွာဟချက်များအား ဖြေရှင်းရာတွင် အရေးပါကြောင်း အကြံပြုထားပါသည်။

အချုပ်အားဖြင့်-

- ဘော်လ်တွန်အစီရင်ခံစာတွင် အသေးစားစီးပွားရေးလုပ်ငန်းများသည် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါကြောင်း၊
- အသေးစားစီးပွားရေးလုပ်ငန်းများအနေဖြင့် ငွေကြေးဆိုင်ရာ စိန်ခေါ်မှုများနှင့် အခြားသောစိန်ခေါ်မှုများကို ရင်ဆိုင်နေကြရပါကြောင်း၊
- အဆိုပါလုပ်ငန်းများသည် အကြီးစားလုပ်ငန်းများအတွက် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်လုံး အထောက်အကူပြု၊ အထောက်အပံ့ပြုသူများဖြစ်သည့်အတွက် ကျန်းမာသော စီးပွားရေးရပ်ဝန်းတစ်ခုတွင် မရှိမဖြစ်သော လုပ်ငန်းများ ဖြစ်ပါကြောင်း၊
- အသေးစားစီးပွားရေးလုပ်ငန်းများ ဆက်လက်ရှင်သန်ပြီး နိုင်ငံတော်သာယာဝပြောရေးကို အထောက်အကူပြုနိုင်သည့် ဟန်ချက်ညီပြီး ခံနိုင်ရည်ရှိသော စီးပွားရေးကို ထိန်းသိမ်းရန်အတွက် အစိုးရကပံ့ပိုးမြေတောင်မြှောက်ပေးရန် လိုအပ်ကြောင်း စသည်ဖြင့် အစီရင်ခံတင်ပြထားပါသည်။

## အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများစတင်ချမှတ်ခဲ့သည့်နိုင်ငံများ

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစုအစောပိုင်းကာလများတွင် စက်မှုတော်လှန်ရေးနှင့်အတူ SME များ တဖြည်းဖြည်း ပေါ်ထွန်းလာခဲ့ပါသည်။ နိုင်ငံအသီးသီးတွင် စီးပွားရေးမူဝါဒများ၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုများနှင့်အညီ SME များကို ပံ့ပိုးမှုများ ဆောင်ရွက်ခဲ့ကြပါသည်။

### ၁။ ဥရောပနိုင်ငံများ (Europe)

#### (က) အင်္ဂလန်နိုင်ငံ (United Kingdom)

အင်္ဂလန်နိုင်ငံတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) သည် ၁၉ ရာစု စက်မှုခေတ်ပြောင်းတော်လှန်ရေးနောက်ပိုင်းတွင် လက်မှုလုပ်ငန်းများနှင့် အသေးစားထုတ်လုပ်မှုလုပ်ငန်းများအဖြစ် စတင်ပေါ်ပေါက်ခဲ့ပါသည်။ ၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များတွင် အကြီးစားကုမ္ပဏီများမှ အသေးစားစီးပွားရေးလုပ်ငန်းများသို့ ဦးတည်မှုများ ပြောင်းလဲလာခဲ့ပါသည်။ ၁၉၈၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၏ "အသေးစားစီးပွားရေးလုပ်ငန်းများဥပဒေ" (UK Small Business Act) ကို ပြဋ္ဌာန်းကာ SME များအတွက် ပံ့ပိုးမှုများ တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။

#### (ခ) ဂျာမနီနိုင်ငံ (Germany)

ဂျာမနီနိုင်ငံတွင် "Mittelstand" ဟုခေါ်သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) သည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံဖြစ်ပါသည်။ ၁၉၄၅ ခုနှစ်နောက်ပိုင်း စစ်ပြီးကာလ ပြန်လည်ထူထောင်ရေးတွင် SME များအတွက် ဘဏ်ချေးငွေပံ့ပိုးမှုများနှင့် နည်းပညာဖွံ့ဖြိုးမှုများကို အလေးထားဆောင်ရွက်ခဲ့ပါသည်။ ဂျာမနီနိုင်ငံသည် ဥရောပ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းမူဝါဒမူဘောင်တွင် ဦးဆောင်နိုင်ငံတစ်ခုအဖြစ် ရပ်တည်ခဲ့ပါသည်။

#### (ဂ) ပြင်သစ်နိုင်ငံ (France)

၁၉၅၀ ပြည့်နှစ်နှင့် ၁၉၆၀ ပြည့်နှစ်များအတွင်း ပြင်သစ်နိုင်ငံတွင် အသေးစားထုတ်လုပ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ သိသာစွာတိုးတက်လာခဲ့ပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် SME များအတွက် ဥပဒေများပြဋ္ဌာန်းခဲ့ပြီး ဥရောပဈေးကွက်အတွင်း SME များ ပါဝင်နိုင်ရန် အစိုးရက လမ်းဖောက်ပေးခဲ့ပါသည်။

### ၂။ အမေရိကန်ပြည်ထောင်စု (United States)

၁၉၃၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စုသည် စီးပွားပျက်ကပ်ကြောင့်ထိခိုက်ခဲ့သည့် SME များကို ပံ့ပိုးကူညီခဲ့ပါသည်။ ၁၉၅၃ ခုနှစ်တွင် "အသေးစားစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု အေဂျင်စီ" (Small Business Administration – SBA) ကို တည်ထောင်ကာ SME များအား ချေးငွေများနှင့် နည်းပညာပံ့ပိုးမှုများပေးခဲ့ပါသည်။ ၁၉၈၀ နှင့် ၁၉၉၀ ပြည့်နှစ်များတွင် နည်းပညာနှင့် အင်တာနက်တိုးတက်မှုများကြောင့် SME များ ပိုမိုအားကောင်းလာခဲ့ပါသည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

**၃။ အရှေ့အာရှ (East Asia)**

**(က) ဂျပန်နိုင်ငံ (Japan)**

၁၉၅၀ နှင့် ၁၉၆၀ ပြည့်နှစ်များတွင် ဂျပန်နိုင်ငံ၏ စက်မှုလုပ်ငန်းများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး အသေးစားထုတ်လုပ်မှုလုပ်ငန်းများ ပေါ်ထွန်းလာခဲ့ပါသည်။ ၁၉၆၃ ခုနှစ်တွင် "SME အခြေခံဥပဒေ" (Small and Medium Enterprise Basic Law) ကို ပြဋ္ဌာန်းကာ SME လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးမူဝါဒများ ချမှတ်ပေးခဲ့ပါသည်။ တိုယိုတာ၊ ဆိုနီ၊ ဟွန်ဒါ ကဲ့သို့သော ကုမ္ပဏီကြီးများသည်လည်း SME များ၏ ထောက်ပံ့မှုများကိုအသုံးပြုကာ လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့ကြပါသည်။

**(ခ) တရုတ်နိုင်ငံ (China)**

၁၉၉၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၏ အထူးစီးပွားရေးဇုန်များမှတစ်ဆင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SME) များ သိသာစွာတိုးတက်လာခဲ့ပါသည်။ ထိုဇုန်များသည် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုသည့် မူဝါဒများနှင့် အခွင့်အရေးများကို ဖန်တီးပေးခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် Alibaba၊ Tencent၊ Huawei ကဲ့သို့သော ကြီးမားသည့် တီထွင်ဖန်တီးမှုကုမ္ပဏီများသည် SME များကို အခြေခံကာ တည်ဆောက်လာခဲ့ကြပါသည်။ ထိုကုမ္ပဏီကြီးများသည် SME များ၏ ပံ့ပိုးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်မှုများရရှိလာခဲ့ခြင်းဖြစ်ပါသည်။

**(ဂ) တောင်ကိုရီးယားနိုင်ငံ (South Korea)**

၁၉၆၀ ပြည့်နှစ်အတွင်း ကိုရီးယားနိုင်ငံ၏ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကာလ (Korean Industrialization Period) တွင် ဆမ်ဆောင်း၊ ဟွန်ဒိုင်း၊ LG ကဲ့သို့သော ကုမ္ပဏီကြီးများ (Chaebol) နှင့် အသေးစားနှင့်အလတ်စားလုပ်ငန်း (SME) များအကြား ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ထိုပူးပေါင်းမှုများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ ၁၉၉၇ ခုနှစ် အာရှငွေကြေးအကျပ်အတည်း (Asian Financial Crisis) အပြီးတွင် SME များအား ငွေကြေးပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုပံ့ပိုးမှုများသည် SME များ၏ လုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် တည်ငြိမ်စွာရပ်တည်နိုင်ရေးအတွက် အထောက်အကူပြုခဲ့ပါသည်။

အချုပ်အားဖြင့် SME မူဝါဒများကို ဥရောပနိုင်ငံများ (ဥပမာ – အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်နိုင်ငံ) နှင့် အမေရိကန်နိုင်ငံတို့က စတင်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။ အရှေ့အာရှနိုင်ငံများ (ဥပမာ – ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနိုင်ငံ) ကမူ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ SME များကို အရေးပေးလာခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် နည်းပညာနှင့် ဒစ်ဂျစ်တယ်ပြောင်းလဲမှုများ (Technology & Digitalization) ၏ အထောက်အပံ့ဖြင့် SME လုပ်ငန်းများ ပိုမိုတိုးတက်လာခဲ့ပါသည်။ ယခုအခါတွင် SME များသည် နိုင်ငံတကာစီးပွားရေးတွင် စုစုပေါင်းပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (Gross Domestic Product – GDP) ၏ ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ပံ့ပိုးပေးနိုင်သည့် အဓိကစီးပွားရေးအင်အားစုတစ်ခုဖြစ်လာခဲ့ပါသည်။

**မြန်မာနိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ**

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) သည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ MSME လုပ်ငန်းများသည် စုစုပေါင်းပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (Gross Domestic Product – GDP) ၏ သိသာထင်ရှားသော အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် ဒေသဖွံ့ဖြိုးရေးတို့တွင် အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးသမိုင်းကြောင်းတစ်လျှောက်တွင် အစိုးရက MSME များအား ဖွံ့ဖြိုးတိုးတက်စေရန် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများချမှတ်၍ ပံ့ပိုးမှုများကို အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

**၁။ MSME ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်ရွက်မှုသမိုင်းကြောင်း**

**၁၉၉၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း**

- အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါကြောင်း စတင်သတ်မှတ်ခဲ့ပါသည်။
- အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံအဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ အာဆီယံစီးပွားရေးအသိုက်အဝန်းကို အတူတကွ အကောင်အထည်ဖော်ရာ၌ ကဏ္ဍတစ်ခုဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန် အာဆီယံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအဖွဲ့ (ASEAN Small and Medium Enterprise Working Group – ASEAN SMEWG) တွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

**❑ နိုင်ငံတော်အစိုးရအနေဖြင့် MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်နှင့် နိုင်ငံတကာ ဈေးကွက်သို့ ပိုမိုချိတ်ဆက်နိုင်ရန်အတွက် နည်းပညာအသုံးချမှုများ တိုးမြှင့်ခြင်း၊ ဒစ်ဂျစ်တယ် ဈေးကွက် (E-commerce)နှင့် ဆက်သွယ်မှုများ ပိုမိုပြုလုပ်နိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်ခြင်း၊ MSME များအတွက် ချေးငွေနှင့် နည်းပညာပံ့ပိုးမှုများ ပိုမိုတိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိ**

**❑ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပိုမိုမြင့်မားလာမည်ဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ပိုမိုတိုးတက်လာမည်ဖြစ်**

**၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း**

- ၂၀၁၂ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် စက်မှုဝန်ကြီးဌာန လက်အောက်တွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတာဝန်ခံ (Focal) ဌာနအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။
- အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအဖြစ် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအောက်တွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးရုံး ၁၅ ရုံး၊ ခရိုင်ဦးစီးရုံး ၃၅ ရုံးတို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ယခုအချိန်တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးရုံး ၁၅ ရုံး၊ ခရိုင်ဦးစီးရုံး ၄၀ စုစုပေါင်း ၅၅ ရုံးအထိ တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။

**၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း**

- မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ကျောရိုးမဏ္ဍိုင်ဖြစ်သော၊ စီးပွားရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော်ဖြစ်သော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ရှင်သန်ဖြစ်ထွန်းတိုးတက်လာစေရန် ထောက်ပံ့ဆောင်ရွက်ပေးရမည့် လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာနှင့် တီထွင်ဖန်တီးမှု၊ ငွေကြေးအရင်းအမြစ်ရရှိရေး၊ အခြေခံအဆောက်အအုံ ဈေးကွက်နှင့် စီးပွားရေးဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာစေရေးစသည်တို့ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ၉-၄-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ မူဝါဒကို ၂၄-၁၂-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ နည်းဥပဒေများကို ၁၃-၁၀-၂၀၁၆ ရက်နေ့တွင်လည်းကောင်း ပြဋ္ဌာန်းထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။

**၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း**

- အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဒေသတစ်ခုနှင့်တစ်ခု အားသာချက်၊ အားနည်းချက်များ၊ ဦးစားပေးကဏ္ဍများ ကွဲပြားခြားနားမှုကြောင့် ဒေသတစ်ခုချင်းစီအလိုက် "အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်" (MSME Development Action Plan) များရေးဆွဲခဲ့ပြီး MSMEလုပ်ငန်းများအားနည်းပညာနှင့်ငွေကြေးအထောက်အပံ့များ ပံ့ပိုးပေးခဲ့ပါသည်။
- နိုင်ငံတစ်ဝန်း MSME ထုတ်ကုန်ပြပွဲများ (MSME Expo) ကို စတင်ကျင်းပခဲ့ပြီး MSME လုပ်ငန်းများအတွက် ဈေးကွက်ချဲ့ထွင်မှု၊ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်မှုများအတွက် အခွင့်အလမ်းများ ဖန်တီးပေးခဲ့ပါသည်။

**၂၀၂၁ ခုနှစ်မှ ယနေ့အထိ**

- MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန် နိုင်ငံတော်ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အဖွဲ့ဝင် ၂၃ ဦး ပါဝင်သော "အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ" ကိုလည်းကောင်း၊ မူဝါဒများကို အကောင်အထည်ဖော်နိုင်ရေး လမ်းညွှန်ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်ဒုတိယဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ်တာဝန်ယူ၍ အဖွဲ့ဝင် ၄၂ ဦး ပါဝင်သော "အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ" ကို လည်းကောင်း ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်ပါသည်။
- MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပံ့ပိုးကူညီမှုများကို အကောင်အထည်ဖော်နိုင်ရန် အထောက်အကူပြုအဖွဲ့များဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့နှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့ကိုလည်း ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။
- MSME များ၏ ဈေးကွက်ချဲ့ထွင်နိုင်ရန်နှင့် နိုင်ငံတကာ ကုန်သွယ်ရေးတွင် ပါဝင်နိုင်စေရန်အတွက် ဒစ်ဂျစ်တယ်စနစ်များ အသုံးချမှု (Digitalization of MSMEs)ကို မြှင့်တင်ရန် အစိုးရနှင့် အခြားအဖွဲ့အစည်းများက ပံ့ပိုးမှုများဆောင်ရွက်ခဲ့ပါသည်။
- MSME ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး/ ပြည်နယ် ၁၃ ခုသို့ သွားရောက်၍ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများ ၂၆ ကြိမ်ပြုလုပ်ကာ လုပ်ငန်းရှင်များက တင်ပြလာသည့် လိုအပ်ချက် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။
- MSME ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဒုတိယဝန်ကြီးချုပ်သည် အလားတူ လေးကြိမ်တိုင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် တွေ့ဆုံပွဲများပြုလုပ်၍ ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။
- ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ဖြည့်စွက်ရန်နှင့် အငယ်စားလုပ်ငန်းများကိုပါ အားပေးမြှင့်တင်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေအဖြစ် ရေးဆွဲလျက်ရှိပါသည်။

**၂။ မြန်မာ့ MSME များ၏ လက်ရှိအခြေအနေ**

မြန်မာနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) သည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးလုပ်ငန်းများ၏ ၉၉ ရာခိုင်နှုန်းကို ကိုယ်စားပြုပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်မှုတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ထို့ပြင် MSME လုပ်ငန်းများသည် ကျေးလက်နှင့် မြို့ပြဒေသများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရုံသာမက ပြည်သူများ၏ လူမှုစီးပွားဘဝများကိုလည်း မြှင့်တင်ပေးနိုင်သည့် အရေးပါသော အင်အားစုတစ်ခုဖြစ်ပါသည်။

MSME လုပ်ငန်းများကို အဓိကအားဖြင့် ထုတ်လုပ်မှု(Manufacturing)၊ ကုန်သွယ်မှု (Trading)၊ ဝန်ဆောင်မှု (Services) နှင့် အခြားဟူ၍ ကဏ္ဍများခွဲခြားထားပြီး ထိုကဏ္ဍအသီးသီးရှိ MSME လုပ်ငန်းများသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အင်အားစုများဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းများအား ထိရောက်စွာ ပံ့ပိုးပေးခြင်းအားဖြင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့်အပြင် ဒေသခံများ၏ ဝင်ငွေတိုးတက်စေမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ကာ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်နှင့် နိုင်ငံတကာဈေးကွက်သို့ ပိုမိုချိတ်ဆက်နိုင်ရန်အတွက် နည်းပညာအသုံးချမှုများ တိုးမြှင့်ခြင်း၊ ဒစ်ဂျစ်တယ်ဈေးကွက် (E-commerce)နှင့် ဆက်သွယ်မှုများ ပိုမိုပြုလုပ်နိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်ခြင်း၊ MSME များအတွက် ချေးငွေနှင့် နည်းပညာပံ့ပိုးမှုများ ပိုမိုတိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အချုပ်အားဖြင့် MSME လုပ်ငန်းများကို ပိုမိုအားပေးမြှင့်တင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်နိုင်ရန်အတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် အခြားအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလိုအပ်ပါသည်။ နည်းပညာ၊ ငွေကြေးနှင့် ဈေးကွက်အခွင့်အလမ်းများကို ပိုမိုရရှိစေရန်အတွက် မဟာဗျူဟာများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပိုမိုမြင့်မားလာမည်ဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။ ။

# ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများ၏ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**
(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများ၏ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက နေပြည်တော် ပျဉ်းမနား စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း အားကစားကွင်း၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းအုပ်ကြီးများနှင့် ကြီးကြပ်သူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြသည်။

ဆုချီးမြှင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး အားကစားနည်းအလိုက် ဆုရရှိကြသည့် အသင်းများ၊ အားကစား မောင်မယ်များနှင့် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံးဆု၊ ဆောင်းပါးဆုရရှိသူများကို ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆုရဘောလုံးအသင်းနှင့် တံခွန်စိုက်ဆုရရှိသူများ၊ အကောင်းဆုံးကစားသမားဆု ရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။ **(ယာပုံ)**

နိုင်ငံတစ်ဝန်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများတွင် ပညာသင်ယူလျက်ရှိကြသည့် ကျောင်းသား ကျောင်းသူများအချင်းချင်း ရင်းနှီးချစ်ကြည်မှုဖော်ဆောင်ပေးရန်နှင့် ထူးချွန်သည့် အားကစား မောင်မယ်များထွက်ပေါ်လာပါက နိုင်ငံ့ကိုယ်စားပြုအားကစားသမားများအဖြစ် ဆက်လက်ပျိုးထောင်ပေးနိုင်ရန်ရည်ရွယ်၍ ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်အထိ သုံးရက်ကြာကျင်းပခဲ့သည့် အဆိုပါ အားကစားပြိုင်ပွဲများတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း ၁၅ ကျောင်းများမှ ကြီးကြပ်သူ ဆရာ ဆရာမ ၁၆ ဦး နှင့် အားကစားမောင်မယ် ၁၂၇ ဦးတို့က အားကစားအသင်းလေးသင်းအဖြစ်စုဖွဲ့၍ အားကစားနည်း ၁၀ မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မိုးကြိုနှမ်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေး ကြိုးပမ်းဆောင်ရွက်မှုဆိုင်ရာ တောင်သူနည်းပညာဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**
(၆၂) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပပြုလုပ်သည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သုတေသီများနှင့် လယ်ဝေးမြို့နယ်မှ တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ စိုက်ပျိုးရေးပညာရှင် ၂၅၀ နှင့် တောင်သူဦးရေ ၃၀၀ တို့က အွန်လိုင်း စနစ်ဖြင့် ပါဝင်တက်ရောက်ဆွေးနွေးကြသည်။



ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေများနှင့် မမျှော်မှန်းနိုင်သည့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရေးအတွက် သင့်လျော်သည့် စိုက်နည်းစနစ်များ အသုံးပြုစိုက်ပျိုးနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ဥပမာအနေဖြင့် ရေကြီးခြင်း၊ ရေလိုအပ်ခြင်းတို့အား ချိန်ညှိနိုင်ရန်အတွက် ပေါင်ကြီးတင်စနစ် အသုံးပြုစိုက်ပျိုးရန် တွန်းအားပေး ဆောင်ရွက်လျက်ရှိသကဲ့သို့ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် လယ်ကွက်များတွင် ထယ်ရေးမဲ့ စိုက်ပျိုးသည့်စနစ်အား သုတေသနပြသရုပ်ပြ စိုက်ပျိုးပြသထားရာ မျက်မြင်အဖြေအရ ပဲယင်း၊ ပြောင်း၊ နေကြာ၊ ပဲပိစပ်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး ပဲယင်းသီးနှံက အောင်မြင်မှုအများဆုံး တွေ့ရှိရကြောင်းနှင့် တောင်သူများ အနေဖြင့်လည်း အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဦးငွေဆန်းက မကွေးတိုင်းဒေသကြီး၏ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် မိုးကြိုနှမ်း (နွေနှမ်း) သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြှင့်မားရေး ကြိုးပမ်းဆောင်ရွက်မှုများကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ဆွေးနွေးပွဲ တက်ရောက်လာကြသူများ၏မေးမြန်းချက်များအပေါ် ဒုတိယဝန်ကြီးက သီးနှံရိတ်သိမ်းချိန် အလေအလွင့်နည်းအောင် ရိတ်သိမ်းကြရန်နှင့် သီးနှံများ ရောင်းချရာတွင် စုပေါင်းရောင်းချသည့် အလေ့အကျင့်ကို ကျင့်သုံးကြရန် ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပ

**ညောင်ရွှေ ဖေဖော်ဝါရီ ၈**
(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲပထမနေ့ကို ယနေ့နံနက် ၉ နာရီက ရှမ်းပြည်နယ် ညောင်ရွှေမြို့ ကမ်းနားလမ်း ဖောင်တော်ပြန်ပြာသာဒ်ရှေ့ နန်းကပ်ချောင်းအတွင်း ကျင်းပသည်။



ပြိုင်ပွဲတွင် ကျောင်းသား နှစ်ကျိပ်ခြောက်တက် အသင်းလေးသင်း၊ အမျိုးသားလေးကျိပ်ခြောက်တက်အသင်း ခြောက်သင်းနှင့် အမျိုးသမီးနှစ်ကျိပ်ခြောက်တက် အသင်းလေးသင်းတို့ အကြိတ်အနယ် ပါဝင်ယှဉ်ပြိုင်လှော်ခတ်ခဲ့ကြပြီး တိုင်းရင်းသားရိုးရာအကအလှများ၊ ဆွမ်းပို့လှေ သရုပ်ပြလှော်ခတ်မှုများကို လှေလှော်ပြိုင်ပွဲနှင့်အတူ တင်ဆက်ဖျော်ဖြေခဲ့ကြပြီး ဒေသခံပြည်သူများနှင့် ခရီးသွားဧည့်သည်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ပါဝင်ယှဉ်ပြိုင်လှော်ခတ်ခဲ့ကြသည့် ပြိုင်ပွဲဝင်အသင်းများကို ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများက ပြိုင်ပွဲဝင်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# ဝန်းသိုမြို့၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်

**ဝန်းသို ဖေဖော်ဝါရီ ၈**
(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ဝန်းသို) ၌ ယမန်နေ့က ကျင်းပရာ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၆ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါစာစီစာကုံးပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြသော ကျောင်းသား ကျောင်းသူများကို ကောလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးသိန်းဇော်လင်းနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအားဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)၌ အားကစားလေ့ကျင့်နေမှုများ ကြည့်ရှုစစ်ဆေးပြီး စံချိန်ကောင်းများရရှိအောင် လေ့ကျင့်ရန်မှာကြား

**တောင်ကြီး ဖေဖော်ဝါရီ ၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သူ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးစဉ် သင်တန်းသား သင်တန်းသူများ စားသောက်ရန် ချက်ပြုတ်ပြင်ဆင်မှု၊ စတိုခန်းအတွင်းပစ္စည်းများ သိုလှောင်ထိန်းသိမ်းမှု၊ နေ့စဉ် Menu ဇယားရေးဆွဲ၍ ချက်ပြုတ်ကျွေးမွေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ထားသော နှုန်းထားအတိုင်း ပြည့်ဝစွာချက်ပြုတ်ကျွေးမွေးရန်၊ ကျန်းမာရေးနှင့်ညီညွတ်စွာ ချက်ပြုတ်ကျွေးမွေးခြင်း ရှိ/မရှိအား တာဝန်ခံဆရာဝန်နှင့် တာဝန်ရှိသူများက နေ့စဉ်အလှည့်ကျစစ်ဆေး၍ နေ့စဉ်စစ်ဆေးချက်မှတ်တမ်းထားရှိ ဆောင်ရွက်ရန်မှာကြားပြီး သင်တန်းသား သင်တန်းသူများနှင့် နေ့လယ်စာ အတူစားသုံးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအုပ်ချုပ်မှုရုံး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးနှင့် အားကစားနည်းအလိုက် တာဝန်ခံများအား တွေ့ဆုံအမှာစကားပြောကြားရာ ဝန်ထမ်းများသည် မိမိတို့ရာထူးအဆင့်နှင့် လျော်ညီစွာ အရည်အသွေးပြည့်ဝပြီး စွမ်းဆောင်ရည် မြင့်မားကြရန်လိုအပ်ကြောင်း၊ အထူးသဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိများဖြင့် အလေးအနက်ထားဂရုပြု၍ မိမိတို့လုပ်ငန်းဆောင်တာများကို အစဉ်အမြဲဂရုပြုမှုလှုပ်ရှားဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုက်ကွမ်ဒိုအားကစားရုံ၌ တိုက်ကွမ်ဒို အားကစားနည်းနှင့် ဂျူဒိုအားကစားနည်းလေ့ကျင့်နေမှု၊ မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းအတွင်း အမျိုးသား အမျိုးသမီးဘောလုံးအားကစားသမားများနှင့် ပြေးခုန်ပစ်အားကစားသမားများ လေ့ကျင့်နေမှု၊ လက်ဝှေ့အားကစားရုံ၌ လက်ဝှေ့အားကစားသမားများ လေ့ကျင့်နေမှု၊ လေ့ကျင့်ရေးရေကူးကန်၌ ရေကူးအားကစားသမားများလေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများအလိုက် ပြိုင်ပွဲများကျင်းပရန်ရှိသဖြင့် အားကစားနည်းအလိုက် စံချိန်ကောင်းများရရှိအောင် လေ့ကျင့်ရန်နှင့် ကျောင်းအုပ်ကြီးအပါအဝင် တာဝန်ရှိသူများအားလုံး အားကစားနည်းများအလိုက် အခြေခံသဘောတရား၊ ဥပဒေသများကို ကိုယ်တိုင်သိရှိနားလည်၍ စံပြနေထိုင်လုပ်ကိုင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး) ၌ အားကစားနည်း ခုနစ်နည်း၊ သင်တန်းသား သင်တန်းသူ ၁၅၉ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံ-လှိုင်းဘွဲ့ ကတ္တရာလမ်းဖွင့်

**ဘားအံ ဖေဖော်ဝါရီ ၈**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ဘားအံမြို့မှ လှိုင်းဘွဲ့မြို့ကို တိုက်ရိုက် ဆက်သွယ်ထားသော အဓိက လမ်းမကြီးဖြစ်သည့် ဘားအံ-လှိုင်းဘွဲ့ ကတ္တရာလမ်း ဖွင့်ပွဲကို ယနေ့ညနေ ၃ နာရီက အဆိုပါ လမ်းမုခ်ဦးနေရာ၌ ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုကဲ့သို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လမ်းတံတားများ အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခြင်းသည် ဒေသအတွင်းရှိ သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသနေတိုင်းရင်းသား ပြည်သူများအားလုံး တည်ငြိမ်အေးချမ်းမှုကို လိုလား၍ ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းကြောင့် ရရှိလာသည့် အသီးအပွင့်များဖြစ်ကြောင်း အမှာစကား ပြောကြားသည်။ ယင်းနောက် ပြည်နယ် ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဘားအံ-လှိုင်းဘွဲ့ ကတ္တရာလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**






# နေပြည်တော်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို နေပြည်တော်စုပေါင်းစက်ဘီးစီးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို နေပြည်တော် စုပေါင်းစက်ဘီးစီးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှေ့၌ ကျင်းပသည်။

စက်ဘီးစီးပွဲသို့ နေပြည်တော် အားကစားနှင့် ကာယပညာ ကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ စက်ဘီးစီးဝါသနာရှင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက သေနတ်ပစ်ဖောက်၍ နေပြည်တော် စုပေါင်းစက်ဘီးစီးပွဲကို တာလွှတ်ပေးသည်။ (အပေါ်ပုံ)

ထို့နောက် စက်ဘီးစီးဝါသနာရှင် အားကစားသမား ၂၀၀ တို့က ၈ ကီလိုမီတာ စက်ဘီးစီးကြပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှေ့သို့ ပြန်လည်ရောက်ရှိကြရာ စက်ဘီးနှစ်စီး၊ စက်ဘီးစီးဖရိန်တစ်ခုနှင့် စက်ဘီးစီးဝတ်စုံ ၁၁ စုံတို့ကို တာဝန်ရှိသူများက ကံစမ်းမဲဖောက်ပေးပြီး ဂုဏ်ပြုပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၂၈)ကြိမ်မြောက် မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၂၈) ကြိမ်မြောက် မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အရန်စစ်ရေးပြကွင်း၌ပြုလုပ်ရာ တိုင်းမှူးဗိုလ်မှူးချုပ် အောင်ဇော်ထွေးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ထမနဲထိုးပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲထိုးပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး ဆုရရှိသောအသင်းများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အစ္စရေးက ဂါဇာအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ ပါလက်စတိုင်း အကျဉ်းသား ၁၈၃ ဦး လွှတ်ပေး

**ရမ်မာလာ ဖေဖော်ဝါရီ ၈**

အစ္စရေးက ဟားမားစ်တို့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ပဉ္စမအကြိမ်မြောက် အကျဉ်းသားနှင့် ဓားစာခံလဲလှယ်ရေးအတွင်း ဖေဖော်ဝါရီ ၈ ရက်က ပါလက်စတိုင်းအကျဉ်းသား ၁၈၃ ဦးကို လွှတ်ပေးခဲ့ကြောင်း သိရသည်။

လွှတ်ပေးလိုက်သည့် အကျဉ်းသားများကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ဘတ်စ်ကားများဖြင့် ပို့ဆောင်ပေးခဲ့ရာ ရမ်မာလာသို့ ရောက်ရှိသွားပြီ ဖြစ်ကြောင်း ပါလက်စတိုင်းအကျဉ်းသားအသင်းမှ အကြီးအကဲဖြစ်သူ အဗ္ဗဒူလာအယ် - ဇာဂါရီက ပြောကြားသည်။



လွှတ်မြောက်လာသည့် ပါလက်စတိုင်းအကျဉ်းသားဟောင်းတစ်ဦးကို ရမ်မာလာမြို့ ဘတ်စ်ကားတစ်စီးပေါ်၌ တွေ့ရစဉ်။

လွှတ်မြောက်လာသည့် အကျဉ်းသားများထဲတွင် အနောက်ဘက်ကမ်းမှ ၄၂ ဦး၊ ဂျေရုဆလင်မှ သုံးဦးနှင့် ဂါဇာကမ်းမြောင်ဒေသမှ ၂၇ ဦးတို့ဖြစ်ကြပြီး အားလုံးမှာ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံနေရသူများ သို့မဟုတ် နှစ်ရှည်ထောင်ဒဏ်ကျခံနေရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် အကျဉ်းသား ၁၁၁ ဦးမှာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အစ္စရေးတောင်ပိုင်း၌ ဟားမားစ်တို့၏ အလစ်အငိုက်တိုက်ခိုက်မှုပြီးနောက် ဂါဇာကမ်းမြောင်ဒေသ၌ ဖမ်းဆီးခံရသူများဖြစ်ကြောင်း အကျဉ်းသားရေးရာကော်မရှင်က သတင်းထုတ်ပြန်ချက်တွင် ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသမှ ထိန်းသိမ်းခံထားရသည့် အစ္စရေးဓားစာခံသုံးဦးကို ဟားမားစ်တို့က ဖေဖော်ဝါရီ ၈ ရက် အစောပိုင်းတွင် လွှတ်ပေးခဲ့ကြောင်း သိရသည်။

အစ္စရေးဓားစာခံများသည် နယ်စပ်ကိုဖြတ်ကျော်ကာ အစ္စရေးနိုင်ငံအတွင်း ဝင်ရောက်လာပြီဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆင်ဟွာ

## အမေရိကန်တစ်ဝန်း တုပ်ကွေးဖြစ်ပွားမှုမြင့်တက်

**လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၈**

အမေရိကန်ပြည်ထောင်စုတစ်ဝန်း တုပ်ကွေးရောဂါဖြစ်ပွားမှုမြင့်တက်လာမှုကြောင့် စာသင်ကျောင်းအချို့ စာသင်ချိန်များဖျက်သိမ်းခြင်း သို့မဟုတ် အဝေးမှသင်ကြားရေးနည်းလမ်းများဆောင်ရွက်ခြင်းတို့ ဖြစ်လာစေသည်။

အမေရိကန်၌ ယခုနှစ်တုပ်ကွေးရာသီအတွင်း ဖျားနာသူပေါင်း ၂၄ သန်းခန့်ရှိပြီး ဆေးရုံတက်သူ ၃၁၀၀၀၀ ရှိသည်။ တုပ်ကွေးကြောင့် သေဆုံးသူ ၁၃၀၀၀ ခန့်ရှိသည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ(စီဒီစီ) ၏ ဖေဖော်ဝါရီ ၇ ရက် နောက်ဆုံးခန့်မှန်းမှုများအရ သိရသည်။

**လူနာ ၄၈၀၀၀ ကျော် ဆေးရုံတက်ရောက်**

ရာသီတုပ်ကွေးဖြစ်ပွားမှုမှာ ဆက်လက်များပြားနေပြီး နိုင်ငံတစ်ဝန်းရောဂါဖြစ်ပွားသူဦးရေ တိုးလာနေသည်ဟု စီဒီစီက ပြောသည်။ ယခုသီတင်းပတ်အတွင်း လူနာ ၄၈၀၀၀ ကျော် တုပ်ကွေးရောဂါကြောင့် ဆေးရုံတက်ရောက်ကုသနေရသည်။

နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းအချို့မှာ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ တိုးလာခြင်းကြောင့် အတန်းများ ဖျက်သိမ်းခြင်း သို့မဟုတ် အွန်လိုင်းမှတစ်ဆင့် သင်ယူခြင်းများကို လုပ်ဆောင်နေကြသည်။ ဆင်ဟွာ

## ဆိုမာလီယာက ဒုက္ခသည်နှင့် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ ၄၁၀၀၀ ကျော်ကို လက်ခံထား

**မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၈**

ဆိုမာလီယာနိုင်ငံသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ ဒုက္ခသည်နှင့် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူပေါင်း ၄၁၇၆၅ ဦးကို လက်ခံထားကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာရ်) က ဖေဖော်ဝါရီ ၇ ရက်တွင် ပြောသည်။

ဒုက္ခသည်နှင့် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ ၆၄ ရာခိုင်နှုန်းမှာ အမျိုးသမီးနှင့် ကလေးငယ်များဖြစ်သည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီက ပြောသည်။

**၆၅ ရာခိုင်နှုန်းမှာ အီသီယိုးပီးယားနိုင်ငံမှဖြစ်**

ထို့အပြင် ဒုက္ခသည်နှင့် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ အများစု သို့မဟုတ် ၆၅ ရာခိုင်နှုန်းမှာ အီသီယိုးပီးယားနိုင်ငံမှဖြစ်ကြောင်း၊ ၃၀ ရာခိုင်နှုန်းမှာ ယီမင်နိုင်ငံမှဖြစ်ကြောင်း၊ ဆီးရီးယားနိုင်ငံက လေးရာခိုင်နှုန်းရှိကြောင်းနှင့် အခြားသောနိုင်ငံများက တစ်ရာခိုင်နှုန်းရှိကြောင်း အဆိုပါအေဂျင်စီက ဆက်ပြောသည်။

ယူအင်န်အိတ်ချ်စီအာရ်သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း ဆိုမာလီဒုက္ခသည် ၉၆၆၁၈ ဦးကို နေရပ်ပြန်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြန်လာသူ စုစုပေါင်းမှာ ၁၄၀၈၄၀ ရှိ**

ထို့အပြင် လူပေါင်း ၄၄၂၂၂ ဦးမှာ မိမိအစီအစဉ်ဖြင့် နေရပ်ပြန်လာခဲ့ကြရာ ဆိုမာလီယာသို့ ဒုက္ခသည်ပြန်လာသူ စုစုပေါင်းမှာ ၁၄၀၈၄၀ ရှိသည်ဟု ဆိုသည်။ ဆင်ဟွာ

## လူ ၁၀ ဦး လိုက်ပါလာသည့် လေယာဉ်အပျက် အလက်စကာရေခဲပြင်တွင် တွေ့ရှိ

**အလက်စကာ ဖေဖော်ဝါရီ ၈**

လူ ၁၀ ဦး လိုက်ပါလာသည့် လေယာဉ်သည် အမေရိကန်ပြည်ထောင်စု အလက်စကာ ပြည်နယ်ရှိ ရေခဲပြင်ပင်လယ်ထဲသို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် အာဏာပိုင်များက ပြောသည်။

ဖေဖော်ဝါရီ ၆ ရက်က အဆိုပါလေယာဉ်နှင့် အဆက်အသွယ် ပြတ်တောက်သွားခဲ့ခြင်း ဖြစ်သည်။ အဆိုပါလေယာဉ်သည် အလက်စကာအနောက်ပိုင်း ဘဲရင်းအဲ လေကြောင်းလိုင်းမှဖြစ်ပြီး ယူနာလာကလီးသ်မှ နုမ်းသို့ ဦးတည် ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နုမ်းမြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၅၀ အကွာတွင် လေယာဉ် အပျက်အစီးများကို ကယ်ဆယ်ရေးအဖွဲ့မှ ဖေဖော်ဝါရီ ၇ ရက်က တွေ့ရှိခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။



လေယာဉ်ပေါ် လိုက်ပါလာသူ တစ်ဦးတစ်ယောက်မျှအသက်ရှင်ခြင်းမရှိဟု ယူဆရကြောင်း ကမ်းခြေစောင့်တပ်မှ တာဝန်ရှိသူများက ပြောသည်။

အမေရိကန် အမျိုးသားသယ်ယူပို့ဆောင်ရေး ဘေးကင်းရေးဘုတ်အဖွဲ့မှ စုံစမ်းစစ်ဆေးသူများသည် လေယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု သိရသည်။ အင်န်အိတ်ချ်ကေ

## ယခုနှစ်အစပိုင်းမှစတင်ကာ အာဖရိကဒေသတွင် မျောက်ကျောက်ရောဂါကြောင့် လူပေါင်း ၁၀၀ ကျော် သေဆုံး

**အဒစ္စအဘာဘာ ဖေဖော်ဝါရီ ၈**

ယခုနှစ်အစပိုင်းမှစတင်ကာ အာဖရိကဒေသတွင် ဖြစ်ပွားနေသော မျောက်ကျောက်ရောဂါကြောင့် လူပေါင်း ၁၀၇ ဦး သေဆုံးပြီးဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (အာဖရိက စီဒီစီ) က ပြောသည်။

အာဖရိကနိုင်ငံပေါင်း ၁၂ နိုင်ငံတွင် မျောက်ကျောက်ရောဂါဖြစ်ပွားသူပေါင်း ၁၃၅၀၀ ကျော်ရှိသည်ဟု အာဖရိက စီဒီစီညွှန်ကြားရေးမှူးချုပ် ဂျိန်းကာဆီယာက ဖေဖော်ဝါရီ ၆ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ ပြီးခဲ့သည့်သီတင်းပတ်တစ်ခုတည်းတွင် အာဖရိကရှစ်နိုင်ငံ၌ သေဆုံးသူ ၂၁ ဦးအပါအဝင် မျောက်ကျောက်ရောဂါ ထပ်မံဖြစ်ပွားသူပေါင်း ၂၆၃၄ ဦးရှိသည်ဟု အာဖရိကသမဂ္ဂအထူးကျန်းမာရေးစောင့်ရှောက်မှုအေဂျင်စီ၏ အချက်အလက်အရ သိရသည်။

အာဖရိက စီဒီစီက ဖော်ပြသော အချက်အလက်အရ အာဖရိကဒေသတွင် လက်ရှိမျောက်ကျောက်ရောဂါဖြစ်ပွားမှု၏ ဗဟိုချက်ဖြစ်သော ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ပြီးခဲ့သည့် သီတင်းပတ်တွင် မျောက်ကျောက်ရောဂါဖြစ်ပွားသူ ၁၈၄၂ ဦး ရှိကြောင်း သိရသည်။

ဆင်ဟွာ

## ဇန်နဝါရီလအတွင်း ဗီယက်နမ်နိုင်ငံက ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၈၀၀ ခန့်ရရှိ

**ဟနွိုင်း ဖေဖော်ဝါရီ ၈**

ဗီယက်နမ်နိုင်ငံက ဇန်နဝါရီလအတွင်း ကော်ဖီတန်ချိန် ၁၅၄၆၃၅ တန် တင်ပို့နိုင်ခဲ့ကြောင်း ဗီယက်နမ်ကော်ဖီ-ကိုကိုးအသင်းက ထုတ်ပြန်ထားသည်။

ကော်ဖီစိမ်း တင်ပို့မှုမှာ ၁၃၇၅၆၈ တန်ရှိပြီး ဒေါ်လာ ၆၉၄ ဒသမ ၉ သန်းရရှိကာ ပြီးခဲ့သည့်နှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ကြည့်ပါက တန်ဖိုး ၈ ဒသမ ၈ ရာခိုင်နှုန်း တိုးလာသော်လည်း ပမာဏ ၃၈ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖေဖော်ဝါရီ ၇ ရက်တွင် ထုတ်ပြန်ထားသည်။



ပြုပြင်ပြီး ကော်ဖီတင်ပို့မှု ပမာဏမှာ ၁၇၀၆၇ တန်ရှိသဖြင့် ဒေါ်လာ ၁၀၄ ဒသမ ၆ သန်းရရှိကာ စုစုပေါင်းကော်ဖီတင်ပို့မှု တန်ဖိုး၏ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း ကော်ဖီတန်ချိန် ၁ ဒသမ ၉၈ သန်းထုတ်လုပ်ရန် ရည်မှန်းထားကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ဆင်ဟွာ

# MSME လုပ်ငန်းတွေအနေနဲ့ ကိုယ့်ရဲ့ထုတ်ကုန်တွေကို ဈေးကွက်ပိုရရှိအောင် လုပ်ဆောင်နိုင်မှာဖြစ်တဲ့အပြင် လုပ်ငန်းရှင်အနေနဲ့ ကြိုးစားဆောင်ရွက်ရာမှာ တွေ့ကြုံရတဲ့အခက်အခဲတွေကိုလည်း သက်ဆိုင်ရာဌာနတွေနဲ့ တင်ပြဆွေးနွေးနိုင်မှာလည်းဖြစ်ပါတယ်

ဒေါ်ခင်သက်မော်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSMEထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထုတ်ကုန်များ ပါဝင်ပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများ သိရှိနိုင်ရန် တွေ့ဆုံမေးမြန်းရေးသားတင်ပြလိုက်ရပါသည်-

**ဦးမင်းဇော်သန်း**

**အေးသာယာ ဝိုင်ထုတ်လုပ်ရေးလုပ်ငန်း ရှမ်းပြည်နယ် MSME ထုတ်ကုန်ပြခန်း**

ကျွန်တော်တို့ ပြည်နယ်ကထွက်ရှိတဲ့ စပျစ်ကိုအခြေခံပြီး ဝိုင်ထုတ်လုပ်တဲ့ လုပ်ငန်းကို လုပ်ကိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ပထမဆုံးလုပ်ကိုင်တဲ့ ကုမ္ပဏီတစ်ခုလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီရဲ့ ရည်ရွယ်ချက်က ပြည်ပသွင်းကုန်အစားထိုးကုန်ပစ္စည်းအနေနဲ့ ထုတ်လုပ်နိုင်အောင် ဖြစ်ပါတယ်။ အခုကတော့ ပြည်တွင်းမှာ တစ်နိုင်ငံလုံးဖြန့်ချိနေပါတယ်။ ဝိုင်ကို ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းအမှတ်တံဆိပ်တစ်ခုအဖြစ် ကြိုးစားရာမှာ ပြည်တွင်းကုန်ကြမ်းကို အခြေခံအသုံးပြုရတာ ဖြစ်ပါတယ်။ ဒါပေမယ့် ဝိုင်အဖြစ်ထုတ်လုပ်တဲ့လုပ်ငန်းစဉ်မှာအသုံးပြုတဲ့ chemical ကုန်ကြမ်းတွေကို ပြည်ပက သွင်းရတာတော့ ရှိပါတယ်။ ကျွန်တော်တို့လုပ်ငန်းက ရာသီအချိန်အခါနဲ့ လုပ်ကိုင်ရတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် လိုအပ်တဲ့ chemical ကုန်ကြမ်းကို လိုအပ်တဲ့အချိန် ရရှိနိုင်ရေးက အဓိကကျသွားပါတယ်။ ဒီအပိုင်းလေးတွေ အဆင်ပြေသွားရင် ကျွန်တော်တို့အနေနဲ့ ပိုပြီးဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အခုအချိန်မှာ နိုင်ငံတော်အနေနဲ့ ကျွန်တော်တို့လို MSME လုပ်ငန်းတွေအတွက် လိုအပ်တဲ့ကဏ္ဍတိုင်းကို အားပေးမြှင့်တင်ပေးနေတဲ့အတွက် ကျေးဇူးတင်ပါတယ်။



ဦးမင်းဇော်သန်း



ဦးမျိုးသီဟ



ဒေါ်ခင်သက်မော်

**ဦးမျိုးသီဟ**

**Project Manager၊ Precision Auto Engineering Company Limited ကရင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း**

ကရင်ပြည်နယ် ဘားအံစက်မှုဇုန်မှာ SKD စနစ်နဲ့ တပ်ဆင်ထုတ်လုပ်တဲ့ အိန္ဒိယနိုင်ငံထုတ် Bajaj အမှတ်တံဆိပ် လူစီးသုံးဘီးယာဉ်တွေ ပါဝင်ပြသတာဖြစ်ပါတယ်။ ဒီသုံးဘီးယာဉ်တွေက ဆီစားနှုန်းသက်သာပြီး လုံခြုံမှုရှိတယ်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ အခြေခံလူတန်းစားတွေ လူနေမှုဘဝမြှင့်တင်ရေးတို့အတွက် ခေါက်တိုသယ်ယူပို့ဆောင်မှု အခန်းကဏ္ဍမှာ သင့်လျော်ပြီး ဘေးကင်းလုံခြုံစိတ်ချရတဲ့အတွက် ဝယ်ယူသုံးစွဲသူရော၊ စီးနင်းသူများပါ အထူးကြိုက်နှစ်သက်ကြတယ်။ လက်ရှိပြည်တွင်းမှာလည်း တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာပြည်အနှံ့မှာ လက်ငင်းစနစ်အပြင် အရစ်ကျစနစ်နဲ့ပါ ရောင်းချပေးလျက်ရှိပြီးတော့ ယာဉ်အပြင် အပိုပစ္စည်းတွေကိုပါ လုံလောက်စွာ ဝန်ဆောင်မှုအပြည့်နဲ့ ဖြန့်ဖြူးရောင်းချပေးလျက် ရှိပါတယ်။ ယာဉ်အတွက် Km-20000 အာမခံ after sale service ပေးထားပြီးတော့ အရင်းအနှီးအနည်းငယ်နဲ့ ကိုယ်ပိုင်လုပ်ငန်းသစ်တစ်ခုထူထောင် လိုသူတွေအတွက် မိသားစုဝင်ငွေ ပုံမှန်ရရှိအောင် အထောက်အကူ ပြုပါတယ်။ ပြီးတော့ Bajaj EV (လျှပ်စစ်သုံး) လူစီးသုံးဘီးယာဉ်နဲ့ ဆိုင်ကယ်တွေကိုပါ နိုင်ငံအတွင်း တပ်ဆင်ထုတ်လုပ်ဖို့ EV စက်ရုံကိုလည်း ကရင်ပြည်နယ် ဘားအံစက်မှုဇုန်မှာ စက်ရုံတည်ဆောက် ဆောင်ရွက်နေပြီဖြစ်ပြီးတော့ အခုနှစ်မတ်လအတွင်းမှာ တစ်နိုင်ငံလုံး ဖြန့်ဖြူး ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ထုတ်ကုန်ကို အခုလိုပြည်ထောင်စုနေ့ပြပွဲရဲ့ ကရင်ပြည်နယ် ကိုယ်စားပြု MSME ထုတ်ကုန်ပြခန်းမှာ ပြသရောင်းချခွင့်ပေးတဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ ကရင်ပြည်နယ် အစိုးရအဖွဲ့ကို အထူးကျေးဇူးတင်ရှိပါတယ်။

**ဒေါ်ခင်သက်မော်**

**ဒုတိယဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းပြခန်း**

ဒီပြပွဲမှာ ကျွန်မတို့ အသင်းအနေနဲ့ ပြခန်းပြသလို ကျွန်မအနေနဲ့ MSME ပြိုင်ပွဲမှာ ဒိုင်အဖွဲ့ဝင်အနေနဲ့ ပါဝင်ပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့ MSME တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာကနေ ပါဝင်ကူညီသွားမှာဖြစ်ပါတယ်။ ဒီလို ပြပွဲ ပြိုင်ပွဲတွေ မှာ ပါဝင်တဲ့ MSME လုပ်ငန်းတွေအနေနဲ့ ကိုယ့်ရဲ့ ထုတ်ကုန်တွေကို ဈေးကွက်ပိုရရှိအောင် လုပ်ဆောင်နိုင်မှာ ဖြစ်တဲ့အပြင် လုပ်ငန်းရှင်အနေနဲ့ ကြိုးစားဆောင်ရွက်ရာမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေကိုလည်း သက်ဆိုင်ရာဌာနတွေနဲ့ တင်ပြဆွေးနွေးနိုင်မှာလည်းဖြစ်ပါတယ်။ ပြီးတော့ MSME တွေ ကုန်ထုတ်လုပ်မှုအတွက် လိုအပ်တဲ့နည်းပညာနဲ့ စက်ပစ္စည်းတွေ ပံ့ပိုးခြင်း၊ သက်ဆိုင်ရာ certificate တွေရရှိနိုင်ဖို့ ကူညီပေးခြင်းနဲ့ အလားအလာရှိတဲ့ MSME တွေကို ရင်းနှီးငွေပံ့ပိုးပေးခြင်း စတဲ့ ကိစ္စရပ်တွေကိုပါ ပိုမိုဆောင်ရွက်ပေးနိုင်ရင်တော့ MSME လုပ်ငန်းငယ်တွေက ပြည်တွင်းကနေ နိုင်ငံတကာဈေးကွက်အထိ လျှောက်လှမ်းနိုင်မယ်လို့ ယုံကြည်ပါတယ်။

**တွေ့ဆုံမေးမြန်း -ဝင်းဝင်းမင်း**

**ဓာတ်ပုံ - ဖိုးပြည့်စုံ**

■

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် MSME လုပ်ငန်းရှင်များအတွက် ပြည်တွင်းပြည်ပဈေးကွက်များ ချိတ်ဆက်ဆောင်ရွက်ပေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် လုပ်ငန်း/ စီးပွားချိတ်ဆက်မှုပြခန်း၌ MSME လုပ်ငန်းရှင်များအတွက် ပြည်တွင်းဈေးကွက်ချိတ်ဆက်မှု၊ ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ ရင်းနှီးမတည်ငွေချိတ်ဆက်မှုနှင့် ဆက်စပ်ဝန်ကြီးဌာနများ၏ One Stop Services များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်တွင်းဈေးကွက်ချိတ်ဆက်မှုအတွက် ပဲခူး၊ မွန်၊ ရန်ကုန်တို့မှ MSME လုပ်ငန်းရှင် ငါးဦးတို့၏ အသင့်စားစားသောက်ကုန်၊ ဝဥ၊ ကွမ်းသီးခြောက်၊ လက်ဖက်ခြောက်တို့ကို လက်လီလုပ်ငန်းရှင်များနှင့် ချိတ်ဆက်နိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြည်ပဈေးကွက်ချိတ်ဆက်မှုအတွက် တနင်္သာရီ၊ မန္တလေး၊ ဧရာဝတီ၊ မွန်၊ ကရင်တို့မှ MSME စီးပွားရေးလုပ်ငန်းရှင် ငါးဦးနှင့် စီးပွားရေးသံမှူး ၁၆ ဦးတို့ ရော်ဘာ၊ ပုလဲ၊ ဝဥခြောက် တင်ပို့လိုမှု ကိစ္စရပ်များ ဆွေးနွေးနိုင်ခဲ့ကြောင်းနှင့် ရင်းနှီးမတည်ငွေ ချိတ်ဆက်မှုတွင် ကရင်၊ စစ်ကိုင်း၊ ပဲခူး၊ ရှမ်း(တောင်)၊ ရန်ကုန်တို့မှ MSME လုပ်ငန်းရှင် ကိုးဦးတို့ကို ဘဏ်လုပ်ငန်းရှင်များနှင့် ရင်းနှီးမတည်ငွေရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။




ထို့ပြင် မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်ထားမှုအတွက် ကုမ္ပဏီတစ်ခု၊ မူပိုင်ခွင့်မှတ်ပုံတင်လျှောက်ထားပြီး မှတ်ပုံတင်လက်မှတ် ရရှိနိုင်မှုအတွက် ကုမ္ပဏီသုံးခုတို့ကို ဆွေးနွေးဖြေကြားနိုင်ခဲ့ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးမှ မန်ကျည်းတော်ဖီလုပ်ငန်းတစ်ခု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဆိတ်သားခြောက်လုပ်ငန်းတစ်ခု၊ မန္တလေးတိုင်းဒေသကြီးမှ သဘာဝခေါင်းလျှော်ရည်လုပ်ငန်းတစ်ခုတို့မှ FDA လျှောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးဖြေကြားနိုင်ခဲ့သည်။

အလားတူ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မွန်ပြည်နယ်မှ ဝဥလုပ်ငန်းရှင်၊ ကွမ်းသီးလုပ်ငန်းရှင်တို့၏ ဒါရိုက်တာများလိုက်နာရမည့် တာဝန်များဆိုင်ရာ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့ပြီး ကရင်ပြည်နယ်မှ မှိုင်းခံရော်ဘာထုတ်လုပ်ရေးလုပ်ငန်းရှင်၏ ကုမ္ပဏီအသစ် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို ကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး

**ဓနုဖြူ ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့်ပူးပေါင်း၍ အများပြည်သူများအား ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ တိုးပွားလာစေရန်နှင့် ပလတ်စတစ်၏ ဆိုးကျိုးများနှင့် 3R (Reduce, Reuse, Recycle) စနစ်ကို သိရှိနားလည်ပြီး စနစ်တကျ လျှော့ချသုံးစွဲတတ်စေရန် ရည်ရွယ်၍ ပတ်ဝန်းကျင်တစ်ခွင်လှပဖို့ပလတ်စတစ်ကိုငြင်းပယ်စို့ ခေါင်းစဉ်ဖြင့် ယမန်နေ့က ပညာပေးခဲ့ကြသည်။ အသိပညာဖြန့်ဝေခြင်း အခမ်းအနားတွင် ဒေသခံပြည်သူ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၇ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၆ သိန်းကျော်နှင့်အတူ ဖမ်းဆီးရမိ


**နေပြည်တော် ဖေဖော်ဝါရီ ၈**


မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၇ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၆ သိန်းကျော်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၅၃ လမ်း၊ ၁၄၂ x ၁၄၃ လမ်းကြားတွင် မူးယစ်ဆေးဝါးအရောင်းအဝယ် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် ရောက်ရှိလာသူ ဇော်မင်းနိုင်နှင့် ဇင်ကိုကိုလွင်တို့နှစ်ဦးအား LIGHT TRUCK ယာဉ် တစ်စီး၊ မော်တော်ဆိုင်ကယ် တစ်စီး၊ ဘိန်းဖြူ ၁၁ ကီလိုတို့နှင့် အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက် ဖော်ထုတ်ချက်အရ ဘိန်းဖြူများ အရောင်းအဝယ် ပြုလုပ်ရာတွင် ၁၀ ရာခိုင်နှုန်း အကျိုးဆောင်ခဖြင့် ပွဲစားပြုလုပ်ပေးသူ မကျော့ကေခိုင်(ခ) နန်းမွေလျှန်းအား ပြည်ကြီးတံခွန်မြို့နယ် ၇၈ လမ်းနှင့် ၁၁၅ လမ်းထောင့်တွင် လည်းကောင်း၊ ပူးပေါင်း ပါဝင်သူများဖြစ်သည့် အိုက်စိုင်းအား ၇၂(A)လမ်း၊ ၁၁၇ x ၁၁၈ လမ်းကြားတွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ နှင့် လည်းကောင်း၊ ခွန်မြတ်(ခ)နောနော်နှင့် စိုင်းသိန်းမြတ် (ခ) စိုင်းလေး တို့အား ၁၅၁ လမ်း၊ ၇၁(A) လမ်းထောင့်တွင် PRADO မော်တော်ယာဉ် တစ်စီးနှင့်လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းတို့၏ဖော်ထုတ်ချက်များအရ ဘိန်းဖြူများ ရောင်းချခိုင်းသူ စိုင်းအိုက်ယုံအား ၁၁၂(B)၊ ၅၀ x ၅၁ လမ်းကြားရှိ နေအိမ်၌ ဘိန်းဆီခဲ ၂၅ ဂရမ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ၆၁ လမ်း၊ ၁၂၄ x ၁၂၅ လမ်းကြားရှိ ဂိုဒေါင်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၆ ဒသမ ၉၄ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း။

စစ်ဆေး ဖော်ထုတ်ချက်များအရ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ဝမ်ဟိုင်းနေ အိုက်ပေါင်း၏ အစီအမံဖြင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၆၁ လမ်း၊ ၁၂၄ x ၁၂၅ လမ်းကြားရှိဂိုဒေါင်ကိုငှားရမ်း၍ ကိုအောင်အား မူးယစ်ဆေးဝါးများ ထိန်းသိမ်းထားစေကြောင်း၊ စိုင်းမွန်း (ခ) စိုင်းမွန်လောဝ်နှင့် စိုက်အိုက်ယုံတို့မှ မကျော့ကေခိုင် (ခ) နန်းမွေလျှန်းအား ပွဲစားခ ၁၀ ရာခိုင်နှုန်းပေး၍ မူးယစ်ဆေးဝါးများ အရောင်းအဝယ် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အိုက်စိုင်း၊ ခွန်မြတ်(ခ) နောနော်နှင့် စိုင်းသိန်းမြတ် (ခ) စိုင်းလေး တို့သည် မူးယစ်ဆေးဝါးများ သယ်ယူပို့ဆောင်ခြင်းနှင့် ရောင်းရငွေများအား အဆင့်ဆင့်လွှဲပြောင်း လက်ခံယူသူများ ဖြစ်ကြောင်း သိရှိရပြီး စုစုပေါင်းဒေသကာလ တန်ဖိုးငွေကျပ် ၇ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၆ ဒသမ ၉၄၂ သိန်းနှင့် ဘိန်းဆီခဲ ၂၅ ဂရမ်တို့ကို မူးယစ်ဆေးဝါး အရောင်းအဝယ် ပြုလုပ်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ် သုံးစီး၊ ဆိုင်ကယ်တစ်စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ဝင်များကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**



---

## မိုင်းတုံခရိုင်အတွင်း၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**မိုင်းတုံ ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းသိန်း ဦးစီး၍ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒရုန်းဖြင့် ဘိန်းခင်းရှာဖွေရေး တပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများဖြင့် ရွှေတောင်၊ ဂေါ်တော တောင်ပေါ်ဒေသများရှိ သီးပွင့်ဆဲ ဘိန်းခင်း သုံးကေခန့်အား ယမန်နေ့က ဖျက်ဆီးခဲ့ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြန်မာ့အလင်း**

---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Aung Myo Htike” Facebook အကောင့်နှင့် “San Yati Lin Latt” Facebook အကောင့်ပိုင်ရှင်များဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဗိုလ်ကုန်း ရပ်ကွက်နေ အောင်မျိုးထိုက်နှင့် မေဘရဏီအောင်တို့နှစ်ဦးအား ယနေ့ နံနက် ၁ နာရီတွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## မူကြိုကလေးများ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ သဃ်န်းကျွန်း ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ မူကြိုကလေးများ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲကို အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း သီရိမြန်မာခန်းမ၌ ယမန်နေ့က ကျင်းပသည်။



ပြိုင်ပွဲများကျင်းပရာသို့ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့်အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တာမွေမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကင်းမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မူကြိုကလေးငယ်များ၏ကာယ၊ ဉာဏ ယှဉ်ပြိုင်မှုများဖြစ်သော အာလူးကောက်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဆေးရောင်ခြယ် ကစားနည်းပြိုင်ပွဲ၊ ဘောလုံးနောက်ပစ်ကစားနည်းပြိုင်ပွဲ၊ ပင်ပေါင်ဘောလုံး ကစားနည်းပြိုင်ပွဲ၊ ဘောလုံးဖောက် ကစားနည်းပြိုင်ပွဲများ ယှဉ်ပြိုင်မှုကို တက်ရောက်အားပေးပြီး တေးသီချင်းအမျိုးမျိုးဖြင့် ကပြဖျော်ဖြေခဲ့ကြသည့် ကလေးငယ်များနှင့်ယှဉ်ပြိုင်ခဲ့ကြသည့်ကလေးငယ်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်၍ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကလေးများအား အာဟာရကျွေးမွေးကြသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လုပ်မှုဝန်ထမ်းဦးစီးဌာနမှ ဆရာမများအား ဂုဏ်ပြု လက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

## မြောင်းမြ-စကမြား (မြို့တွင်းပိုင်း) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပ



**မြောင်းမြ ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် မြောင်းမြမြို့၌ မြောင်းမြ-စကမြား (မြို့တွင်းပိုင်း) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက တက်ရောက်အားပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်နှင့် မြို့မိမြို့ဖ ဦးဇာနည်တင့်တို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ လမ်းဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်ကို မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်တင်ထွန်းက ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွန်ကရစ်လမ်းသစ်ကို လှည့်လည် ကြည့်ရှုခဲ့သည်။ အဆိုပါ ကွန်ကရစ်လမ်းမှာ အရှည် ပေ ၂၆၂၀၊ အကျယ် ၁၄ ပေ၊ ဒု ရှစ်လက်မရှိပြီး ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် လုပ်ငန်းတင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တင်ဒါအောင်မြင်ငွေ ၈၁၂ သိန်း ၅ သောင်း၊ ပြည်သူ့ထည့်ဝင်ငွေ ၈၁၂ သိန်း ၅ သောင်းတို့ဖြင့် ၂၀၂၄ ခုနှစ် ဩဂုတ် ၂ ရက်တွင် လုပ်ငန်းစတင်ခဲ့ပြီး အောက်တိုဘာ ၃၁ ရက်တွင် လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**ဇေယျာ (မြောင်းမြ)**

## ထန်းတပင်မြို့နယ်၌ ၂၀၀ ကေဗွီအေ ထရန်စဖော်မာလေးလုံး တိုးချဲ့တည်ဆောက်ပြီးစီး

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း စဉ်ဆက်မပြတ် ဓာတ်အားပေးနိုင်ရေး၊ ထရန်စဖော်မာများ ချွတ်ယွင်းလောင်ကျွမ်းမှုမဖြစ်စေရေး၊ မီးသုံးသူပြည်သူများ ဓာတ်အားပြည့်ဝ တည်ငြိမ်စွာအသုံးပြုနိုင်ရေးတို့အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ထန်းတပင်မြို့နယ် လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့၏ ကြီးကြပ်မှုဖြင့် ရိုးကြီးကျေးရွာ ဗိုလ်ချုပ်လမ်း၊ ရိုးကြီးကျေးရွာ ပညာ့ဂုဏ်ရည်လမ်း၊ သပြေခြံကျေးရွာ ရွာလယ်လမ်း၊ ရိုးလေးကျေးရွာ အနော်ရထာလမ်းနှင့် အောင်သာယာလမ်းထောင့်တို့တွင် စုစုပေါင်း (၁၁/၀ ဒသမ ၄ ကေဗွီ) ၂၀၀ ကေဗွီအေ ထရန်စဖော်မာ လေးလုံးတည်ဆောက်ပြီးစီးသဖြင့် ဖေဖော်ဝါရီ ၅ ရက်က စတင်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်**



## ကန်ကြီးထောင့်မြို့နယ်၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်

**ပုသိမ် ဖေဖော်ဝါရီ ၈**

အလုပ်သမား ဝန်ကြီးဌာန ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း (ပုသိမ်)မှ အိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က ကန်ကြီးထောင့်မြို့နယ် မန်ကျည်းကုန်းကျေးရွာ ရွှေနှလုံးတော် ခရစ်ယာန်ဘုရားကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးမှူးက လျှပ်စစ်သင်တန်း ပို့ချခြင်းဖြင့် ကျေးရွာနေပြည်သူများ လျှပ်စစ်ကို စနစ်တကျ အသုံးပြုကိုင်တွယ်နိုင်မည့်အပြင် လူငယ်များအနေဖြင့်လည်း လျှပ်စစ်နှင့် ပတ်သက်သည့် အလုပ်အကိုင်များတွင် ဝင်ရောက်လုပ်ကိုင်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (ပုသိမ်) ကျောင်းအုပ်ကြီးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၆ ရက်မှ မတ် ၅ ရက်အထိ လေးပတ်ကြာ ပို့ချသွားမည်ဖြစ်ရာ သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်း သန့်ရှင်းသာယာရေး ဆောင်ရွက်

**မိတ္ထီလာ ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း မိတ္ထီလာပညာရေးဒီဂရီ ကောလိပ်ရှေ့မှ မိတ္ထီလာတက္ကသိုလ်ရှေ့အထိ ပလတ်စတစ်အမှိုက်ကင်းစင်ရေးနှင့် ကားလမ်းမ သန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဖေဖော်ဝါရီ ၅ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ဆန်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးလုပ်သားများက ကားလမ်းတစ်လျှောက် လမ်းလယ်ကျွန်း ပလက်ဖောင်းများနှင့် ကားလမ်းမပေါ်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## မော်ဘီမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး

**မော်ဘီ ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၆ ရက်က ဝါးနက်ချောင်းကျေးရွာရှိ ပါရမီဖြည့် ဘုန်းတော်ကြီးသင် စာသင်ကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပါရမီဖြည့်ဘုန်းတော်ကြီးသင် စာသင်ကျောင်းမှ ကျောင်းသား ကျောင်းသူများအား မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသန့်စင်ကျော်က သစ်တောများကပေးစွမ်းနိုင်သည့် ဂေဟစနစ်ဆိုင်ရာ အကျိုးကျေးဇူးများ၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးတွင် သစ်တောများ၏ အရေးပါမှု၊ သစ်တောသယံဇာတများထိန်းသိမ်းခြင်း၊ ရေကြီးရေလျှံမှုနှင့် ရေရှားပါးမှုပြဿနာများ၊ ရေသယံဇာတထိန်းသိမ်းရန်



အရေးကြီးမှု၊ တောမီးလောင်မှုနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ဆက်စပ်ပုံ၊ မီးခိုးမြူငွေ့လျှော့ချရေးအတွက် မီးလောင်ကွက်များ ကျဆင်းအောင် တောမီးရှို့ခြင်း၊ တောင်ယာမီးရှို့ခြင်းများ မပြုလုပ်ရေး ဟောပြောဆွေးနွေးခဲ့သည်။

**ဝင်းဇော်(မော်ဘီ)**

## တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသခြင်းနှင့် တီဘီရောဂါအကြောင်း အသိပညာပေးဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသခြင်းနှင့် တီဘီရောဂါအကြောင်း အသိပညာပေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက်က စက်မှုဇုန် ကနောင်ခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသခြင်းနှင့် တီဘီရောဂါအကြောင်းကို တိုင်းဒေသကြီး တီဘီရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာဇော်မြင့်က ရှင်းလင်းပြောကြားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပေါင်းတည်၌ ကောက်စိုက်စက်၊ မျိုးစေ့ချစက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**ပေါင်းတည် ဖေဖော်ဝါရီ ၈**

